# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၉၃)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ ၂၂-၉-၂၀၂၄၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလ တည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်ကြသည်။

**တက်ရောက်**

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာရဲမြင့်နှင့် ဆေးရုံမှတာဝန်ရှိသူများ တက်ရောက်အားပေးကာ စုပေါင်းသန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်ကြသည့် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို ရေသန့်၊ ကော်ဖီ၊ ကောက်ညှင်းပေါင်းနှင့် အကြော်စုံတို့ဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ထိုသို့ လုပ်အားပေးရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ၆၆၀ တို့က ဆေးရုံကြီးဝင်းအတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးအတွက်ဆောင်ရွက်ခြင်း၊ ဆေးရုံအဆောက်အအုံများပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ အဆောက်အအုံဘေးထိစပ်နေသောသစ်ကိုင်းများ၊ သစ်ပင်ကြီးများ အမြင်တင့်တယ်စေရေး၊ လေဝင်၊ လေထွက် ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေး အတွက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများနှင့်အတူ ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ပျော်ရွှင်စွာဖြင့် အတူတကွ စုပေါင်းသန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

## ယနေ့ ဖတ်စရာအညွှန်း


အရာဝတ္ထုမျက်နှာပြင်အချင်းချင်း ပွတ်တိုက်ရာမှ တည်ငြိမ်လျှပ်စစ်ထွက်ပေါ်လာပုံကို သုတေသနပြု

စာမျက်နှာ ၇

ဒေါ်လာဈေး ကျဆင်းမှုနှင့်အတူ ပြည်တွင်းသုံးစွဲမှု ကျဆင်းလာသောကြောင့် ဂျုံဈေးကျဆင်းလာ

စာမျက်နှာ ၁၂



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် (၇) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက် ၊ တနင်္လာနေ့။

## လူမှုဆက်ဆံရေး နည်းလမ်းကောင်း

လူသားတိုင်း တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံကာ တစ်ဦးကိုတစ်ဦး အမှီပြု၍ နေထိုင်ကြရသည်။ ထိုသို့ လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင် အပြောအဆို၊ အပြုအမူ၊ အဆက်အဆံတို့သည် အဓိကကျလှပေသည်။ တစ်ဦးကိုတစ်ဦးနားလည်၍ ပြေလည်စွာဆက်ဆံမှသာ လူ့ဘောင်လောကကြီးလည်း ငြိမ်းချမ်းသာယာနိုင်မည်ဖြစ်သည်။

ဗုဒ္ဓဘုရားသည် လူမှုဆက်ဆံရေး နည်းလမ်းကောင်းများကို ဟောကြားတော်မူခဲ့သည်။ ထိုတရားမှာ မင်္ဂလာတရားဖြစ်သည်။ ၃၈ ဖြာ မင်္ဂလာတရားသည် လူသားအချင်းချင်းဆက်ဆံရာတွင် ပြေပြစ်စေခြင်း၏ အခြေခံကိုယ်ကျင့်တရားဖြစ်သည်။ ထိုတရားတော်တွင် လူမိုက်ကိုရှောင်ပြီး လူလိမ္မာကို ပေါင်းရန်၊ မိမိထက်ကြီးသူကို ရိုသေရန်၊ ရွယ်တူကို လေးစားရန်၊ ငယ်သူကိုသနားရန်၊ ကျေးဇူးတရားကို အထူးသိတတ်ရန် လမ်းညွှန်ချက်စသည့် လူမှုဆက်ဆံရေးနည်းလမ်းကောင်းများ ပါဝင်လျက်ရှိသည်။

ထို့ကြောင့် မိမိအတွက်လည်း အကျိုးမရှိ၊ သူတစ်ပါးအတွက်လည်း နစ်နာမည့်စကားမျိုးကို မျိုးသိပ်ထားကာ ဆိတ်ဆိတ်နေခြင်းသည်လည်း မင်္ဂလာတစ်ပါးဖြစ်သည်။ လောကတွင် လူတော်တော်များများသည် လူမှုဆက်ဆံရေးကို အလွယ်ကူဆုံးဟူ၍ ထင်မြင်ကြသည်။ လူတချို့ကလည်း ထမင်းစားရေသောက်သလို ပြောဆိုဆက်ဆံနေကြသည်။ သို့သော် လူအများစုသည် မိမိကို သူတစ်ပါးက ရိုင်းစိုင်းစွာပြောဆိုဆက်ဆံမှာသာ သိကြသည်။ မိမိကိုတော့ အကောင်းမြင်အကောင်းပြောစေချင်သော်လည်း မိမိကမူ သူတစ်ပါးကို ရိုင်းစိုင်းစွာ အပြုအမူများ စကားများကို အလွယ်တကူ ထမင်းစားရေသောက် နေ့စဉ်ပြောဆိုနေကြသည်။ ယဉ်ကျေးစွာ ပြုမူပြောဆိုရမှာကို ဝန်လေးနေကြသည်။ ထို့ကြောင့် လူကြီးသူမတို့က ကလေးငယ်များကို ငယ်စဉ်ကတည်းက စနစ်တကျဖြင့် လူ့လောကတွင် လူအများနည်းတူ အောင်မြင်စွာ နေထိုင်ပြောဆိုတတ်ရန် အခြေခံအုတ်မြစ်ဖြစ်သော လူမှုဆက်ဆံရေးကို လေ့ကျင့်သင်ကြားပေးနေကြသည်။ ယခုအခါ နိုင်ငံတော်ကလည်း နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် လူမှုဆိုင်ရာ ရိုးရာဓလေ့များတွင် မိဘနှင့်သားသမီး၊ ဆရာနှင့် တပည့်၊ ခင်ပွန်းနှင့်ဇနီးစသည်တို့ အပြန်အလှန်ကျင့်သုံးရမည့် ကျင့်ဝတ်များကို အစဉ်အဆက် လေးစားလိုက်နာခဲ့ကြသော ဓလေ့များလည်းပါဝင်သလို ထိုဓလေ့များနှင့်အညီ ပေါင်းသင်းဆက်ဆံရပေသည်။

မြန်မာ့ယဉ်ကျေးမှုအရ ပေါင်းသင်းဆက်ဆံရာတွင် ထားအပ်သော စိတ်ထားကိုလည်း လောကသာရပျို့တွင် ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမည်ဟု ဆုံးမထားသည်။ နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့သောလူကို အများက ချစ်ခင်လေးစားကြသည်။

သို့ဖြစ်ရာ လူမှုဆက်ဆံရေး နည်းလမ်းကောင်းများတွင် ကိုယ်အမူအရာ ယဉ်ကျေးခြင်း၊ နှုတ်အမူအရာ ယဉ်ကျေးခြင်းစသည်တို့ လိုအပ်မှာဖြစ်ပြီး လူအများနှင့် လိုက်လျောညီထွေစွာ ပေါင်းသင်းဆက်ဆံ၍ ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး Grade-12 ဘာသာရပ် ဆွေးနွေးပွဲများပြုလုပ်



**မန္တလေး စက်တင်ဘာ ၂၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် Grade 12 ဘာသာရပ်ဆွေးနွေးပွဲများကို အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ အထက်တန်းပြဆရာ၊ ဆရာမများက ယနေ့ ဝိုင်းဖွဲ့၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

Grade-12 ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများကို Grade-12 သင်ဆရာ၊ ဆရာမများ အခြေခံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အရေးကြီးသော လူသားအရင်းအမြစ်များ အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမ ၂၈ဦးက မြန်မာစာ ဘာသာရပ်ကိုလည်းကောင်း၊ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမ ၃၄ ဦးက အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမ ၂၈ ဦးက သင်္ချာဘာသာရပ်ကိုလည်းကောင်း၊ အမှတ်(၃၃) အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမ ၃၁ ဦးက ဓာတုဗေဒဘာသာရပ်ကိုလည်းကောင်း၊ အမှတ်(၃၈) အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမ ၃၁ ဦးက ရူပဗေဒဘာသာရပ်ကိုလည်းကောင်း၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမ ၂၁ ဦးက ဇီဝဗေဒဘာသာရပ်ကိုလည်းကောင်း၊ အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမ ၁၉ ဦးက ဘောဂဗေဒဘာသာရပ်ကိုလည်းကောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမ ၁၂ ဦးက ပထဝီဝင်ဘာသာရပ်ကိုလည်းကောင်း၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမ ၁၃ ဦးက သမိုင်းဘာသာရပ်ကိုလည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများ သင်ယူတတ်မြောက်မှုစွမ်းရည်မြင့်မားခြင်း၊ သိမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ်၊ ခံစားမှုနယ်ပယ်များအလိုက် ထိရောက်အောင်မြင်သော သင်ကြားသင်ယူမှုများရရှိစေခြင်း၊ တတ်မြောက်မှုကိုစစ်ဆေးရာ၌ မေးခွန်းကောင်းတို့၏ အင်္ဂါရပ်များနှင့် ကိုက်ညီပြီး တီထွင်ဖန်တီးနိုင်မှုစွမ်းရည်၊ တွေးခေါ်မြော်မြင်မှုစွမ်းရည်ကိုဖော်ပြသော စစ်ဆေးတိုင်းတာမှုဖြစ်ခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားခြင်းစသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀

## ချို့တဲ့အိမ်ထောင်စုများနှင့် အသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွားများအား (၂၅)ကြိမ်မြောက် ထောက်ပံ့လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်အတွင်းရှိ ချို့တဲ့အိမ်ထောင်စုများနှင့် သက်ကြီးဘိုးဘွားများအား (၂၅)ကြိမ်မြောက် အခြေခံစားသောက်ကုန်များနှင့် အလှူငွေ ထောက်ပံ့လှူဒါန်းပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ထောက်ပံ့လှူဒါန်းပွဲတွင် ရပ်ကွက်အတွင်းရှိ ချို့တဲ့အိမ်ထောင်စု(၃၆)စုအား အိမ်ထောင်စုတစ်စုလျှင် ဆန် နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ အိုင်အိုဒင်းဆား တစ်ထုပ်၊ လက်ဖက်ခြောက် တစ်ထုပ်၊ ဆပ်ပြာခဲ တစ်ခဲတို့ကို ထောက်ပံ့လှူဒါန်းကြပြီး အသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွား ၁၃ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦး၊ ရပ်မိရပ်ဖများ၊ ရာအိမ်မှူးများနှင့် ဆယ်အိမ်မှူးများက ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၀)





## ရပ်ကွက်၊ ကျေးရွာနှင့်ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်

**ညောင်ဦး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ ရပ်ကွက်၊ ကျေးရွာနှင့်ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံစာကြည့်တိုက်ပညာသင်တန်းကို ယနေ့ နံနက် ၉ နာရီက ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်၊ ညောင်ဦးခရိုင်အခြေခံပညာဦးစီးဌာန၊ ခရိုင်ပညာရေးမှူး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဇော်ဌေးအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်တို့အား ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံစာကြည့်တိုက်ပညာသင်တန်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် သင်တန်းဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကာ အခြေခံစာကြည့်တိုက်ပညာသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ ညောင်ဦးမြို့နယ်အတွင်းရှိ အခြေခံပညာအထက် တန်းကျောင်း၊ အလယ်တန်းကျောင်းမှ ဆရာ၊ ဆရာမများ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းသား သင်တန်းသူ (၃၆)ဦးရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# နေပြည်တော်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၂၂

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် ကျေးရွာများသို့ သွားရောက်အားပေးပြီး ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေတိုက်စားပျက်စီးခဲ့သော လယ်ဝေးမြို့နယ် နေပြည်တော်မြို့ ရှောင်လမ်းမကြီးမှ ကွမ်းခြံကျေးရွာ ဆက်သွယ်သောလမ်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အမြန်ပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ပြန်လည်ပြုပြင်ဆောင်ရွက်မည့်အစီအမံများကို အမြန်ဆုံးတင်ပြသွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ကြုံတွေ့ခဲ့ရသည့် တောင်သူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် သမဝါယမဦးစီးဌာနဦးစီးမှူးက မိုးစပါးနှင့် မိုးနေကြာစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးရွာချင်းဆက်လမ်း၊ တံတားများ၊ ကျေးလက်ရေပေးရေးလုပ်ငန်း ပျက်စီးမှုများကို သဘာဝဘေးအလွန်ကာလတွင် အမြန်ဆုံး ပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးနှင့် စိုက်ပျိုးသီးနှံများအတွက်လည်း ပြန်လည်စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာရှိ နေကြာစိုက်အသင်းသားတောင်သူများထံ ရေဆင်းစပ်မျိုး-၁ နေကြာမျိုးစေ့များပေးအပ်ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာရှိ စက်ရေတွင်းများကို တွင်းဆေးတွင်းမှုတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျေးရွာတောင်သူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တောင်သူများလိုအပ်သည့် သွင်းအားစု ဓာတ်မြေဩဇာများကို အရည်အသွေးမှန်ကန်ပြီး စျေးနှုန်းသက်သာစွာဖြင့် တောင်သူများ လက်ဝယ်အချိန်မီရောက်ရှိရေးနှင့် ထွက်ရှိလာသောသီးနှံများ စျေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူများအနေဖြင့်လည်း မိုးစပါးရိတ်သိမ်းပြီးပါက ဆီထွက်သီးနှံ ဆောင်းနေကြာများ အချိန်မီစိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိကြရန် လိုအပ်ကြောင်း ပြောကြား၍ ပြည်ထောင်စုဝန်ကြီးက ဇောင်ချမ်းကုန်းကျေးရွာရှိ နေကြာစိုက်အသင်းသားတောင်သူ ၅၀ အတွက် တီဘီအယ်(လ်)ကုမ္ပဏီက ထုတ်လုပ်သော ဆူရာကီရန် နေကြာမျိုးစေ့များနှင့် ရှုရှားသဘာဝမြေဩဇာ အားဖြည့်ဆေးရည်များ ပေးအပ်ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော် (၂) ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်း၊ ဓာတ်အားလိုင်းအူကြောင်း ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်းနှင့် ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း ပြန်လည်ပြုပြင် တည်ဆောက်ခြင်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်အတွင်း ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော်(၂)ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း ဓာတ်အားလိုင်းများ စစ်ဆေးပြုပြင်ခြင်းနှင့်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဓာတ်အားလိုင်းအူကြောင်း ပြောင်းလဲတည်ဆောက်နိုင်ရန် တာဝါတိုင် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဓာတ်အားအမြန် ပို့လွှတ်နိုင်ရေးလုပ်ငန်းများ ဆောလျင်စွာပြီးစီးနိုင်ရေး လူအင်အား၊ ယာဉ်ယန္တရားအင်အားများနှင့် ဓာတ်အားလိုင်းသုံး ဆက်စပ်ပစ္စည်းများကိုစုဖွဲ့၍ အင်ပြည့်အားပြည့် အသုံးပြုပြီး အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန်၊ ဓာတ်အားလိုင်းပျက်စီးမှုများမှ ပြန်လည်ပြုပြင်သုံးစွဲ၍ရသော ပစ္စည်းများကိုလည်း ပြုပြင်သုံးစွဲသွားရန်နှင့် ပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လုပ်ငန်းပြီးစီးမှုများအား စနစ်တကျ မှတ်တမ်းတင်စာရင်းပြုစုဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ်ရှိ ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်း ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝါသံပေါင်များ ပြန်လည်ပြုပြင် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တာဝါတိုင်များစိုက်ထူရန် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ၂၃၀ ကေဗွီ ရွှေမြို့- နေပြည်တော်(၂) ဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းအူကြောင်း ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးနှင့် ဓာတ်အားအမြန် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနကြီးကြပ်မှုအောက်ရှိ စီမံကိန်းမန်နေဂျာရုံးများနှင့် မဟာဓာတ်အားလိုင်းမှူးရုံးများမှ အင်ဂျင်နီယာများ ဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် လုပ်ငန်းများ လျင်မြန်စွာပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၂

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပါသည်။

**ထူးခြားသည့်အခြေအနေမှာ** ယနေ့မြန်မာစံတော်ချိန် (၁၇:၃၀)နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေပါသည်။ အဆိုပါ လေဖိအားနည်းဆဲလ်သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး စက်တင်ဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်ပါသည်။

မိုး/ဇလ

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ အာရှဒေသဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC) ၏ (၆) ကြိမ်မြောက် ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၂၂**

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌ H.E. Mr.Nakharin Mektrairat ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗန်ကောက်မြို့၌ "The Constitutional Courts and Equivalent Institutions in Strengthening Constitutional Justice for Sustainable Society" ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် အာရှဒေသဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions-AACC)၏ (၆) ကြိမ်မြောက်ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

AACC အသင်းကြီး၏ (၆) ကြိမ်မြောက်ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များ၊ ဥပဒေပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကြီးအကဲများတက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၁၈ ရက်တွင် ညီလာခံ ဖွင့်ပွဲအခမ်းအနားနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးကို ကျင်းပ၍ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး သုံးရုံးမှ ၎င်းတို့၏ဆောင်ရွက်မှုအစီရင်ခံစာများကို တင်ပြခဲ့ကြပြီး AACC အသင်းကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ညီလာခံအပြီးတွင် ထုတ်ပြန်မည့် ဗန်ကောက်ကြေညာစာတမ်း (The Bangkok Declaration) တို့အပေါ် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**အသိအမြင်၊အတွေ့အကြုံ ဗဟုသုတများဖလှယ်**

စက်တင်ဘာ ၁၉ ရက်တွင် ညီလာခံကို ဆက်လက်ကျင်းပခဲ့ရာ ခုံရုံးဥက္ကဋ္ဌက "The Role of the Constitutional Courts and Equivalent Institutions in Strengthening Constitutional Justice for Sustainable Society" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် ဖွံ့ဖြိုးတိုးတက်လာမှုများအကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ၏ အရေးပါပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စီရင်ပိုင်ခွင့်များ အကြောင်းနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားစီရင်မှု အစရှိသည်တို့နှင့် စပ်လျဉ်း၍ ထည့်သွင်းဆွေးနွေးခဲ့ပြီး ညီလာခံသို့ တက်ရောက်လာကြသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များနှင့် ဥပဒေပညာရှင်များကလည်း ၎င်းတို့နိုင်ငံအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် စပ်လျဉ်းသည့် အသိအမြင်၊အတွေ့အကြုံ ဗဟုသုတများကို ဖလှယ်ခဲ့ကြသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၁ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဆိုင်ရာ ခေတ်မီနည်းပညာစွမ်းရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း၌ ကျင်းပသော မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဆိုင်ရာ Skills Dissemination Training on Industrial Internet of Things (IIoT) နှင့် Automation Technology သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အဖွဲ့ဝင်နိုင်ငံများအကြား ဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည့် ယုံကြည်နားလည်မှုများကိုပါ တည်ဆောက်နိုင်ခဲ့မည်ဟု ယုံကြည်ကြောင်း၊ သင်တန်းသားများအနေဖြင့် ဤစွမ်းရည်မြှင့်သင်တန်းမှ လေ့လာသိရှိမှုများကို အခြေခံ၍ ပိုမိုတတ်ကျွမ်းပိုင်နိုင်အောင် ဆက်လက်လေ့လာသွားရန်၊ လုပ်ငန်းခွင်၌ အကျိုးရှိရှိ ပြန်လည်အသုံးချရန်နှင့် လုပ်ဖော်ကိုင်ဖက်များကိုပါ မျှဝေပေးသွားရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။




ထို့နောက် မဲခေါင်ဒေသတွင်းနိုင်ငံများမှ သင်တန်းသားများက သင်တန်းတွင် နည်းပညာဖလှယ်ခဲ့မှုများနှင့် လေ့လာခဲ့မှုအတွေ့အကြုံများကို ပြောကြားကြပြီး ဒုတိယဝန်ကြီးက သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၈၅၀ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၂၃ရက်မှ ၂၉ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၈၅၀ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

သင့်ဆွေးမြင့် အသက်ကယ်ပါ။

# ပြန်လည်ထုတ်လုပ်ရေးလုပ်ငန်းများ နှောင့်နှေးမှုမရှိစေရန် ကွင်းဆင်းကြည့်ရှုစစ်ဆေး ရေဘေးသင့်ပြည်သူများအား ဆန်ရေရိက္ခာထောက်ပံ့

**သာစည် စက်တင်ဘာ ၂၂**

မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် ရာဂိမုန်တိုင်းအကြွင်းအကျန်မိုးတိမ်များကြောင့် စက်တင်ဘာ ၁၀ရက်မှ စတင်၍ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံခဲ့မှုများ ဖြစ်ပေါ်ခဲ့ရာ ပြန်လည်ထုထောင်ရေးလုပ်ငန်းများ နှောင့်နှေးမှုမရှိစေရန် စက်တင်ဘာ ၂၁ ရက်က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးဇော်တင်မိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများအား ဆန်ရေရိက္ခာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် အောင်သာကျေးရွာ ကွင်းအမှတ်(၁၈၃၉)တွင် မျိုးစေ့ချကိရိယာဖြင့် စပါးမျိုးစေ့ချစိုက်မှုအား ကြည့်ရှုပြီး တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးသည်။ ဆက်လက်ပြီး ကြာဘက်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ တောင်သူများနှင့်တွေ့ဆုံပြီး စိုက်ပျိုးရေးအသိပညာပေးခြင်း၊ သွင်းအားစုများနှင့် မျိုးစေ့များ၊ တောင်သူသုံးကိရိယာများထောက်ပံ့ခြင်း၊ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း၊ ရေဘေးကြောင့် သီးနှံပျက်စီးမှုများနှင့် တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အားပေးစကားများပြောကြားကာ ကြာဘက်ကုန်းကန်ကျိုးပေါက်နေမှုအား ပြန်လည်ပြုပြင်နိုင်ရေး ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ လှိုင်းတက်တိုက်နယ်ဆေးရုံ(မဖွင့်ရသေး)သန့်ရှင်းရေးဆောင်ရွက်ထားမှု၊ မုန်ပင်ကျေးရွာ သဲလွန်းချောင်းလူကူးတံတားပျက်စီးမှု၊ ပြည်ညောင်တံတားချဉ်းကပ်လမ်းပျက်စီးမှုနှင့် ကြပ်စခန်းကျေးရွာအနီးရှိ မြစ်ဆုံကွေ့လမ်းရေတိုက်စားမှုတို့ကို ကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။ ထို့နောက် ကြပ်စခန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ဆန်ရေရိက္ခာများနှင့် တကိုယ်ရည်သုံးပစ္စည်း (၁၁)မျိုးပါ ဂျပ်ဖာ(၈)ဖာတို့ကို ထောက်ပံ့ပေးသည်။ ဆက်လက်၍ ကြပ်စခန်းအလက(ခွဲ)နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအမြန်ဖွင့်လှစ်နိုင်ရေးတာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ဉာဏ်ကန်ကျေးရွာအုပ်စု ညောင်ရမ်းကန် ရေခြားတမံကျိုးပေါက်မှုပြုပြင်နေမှုအား သွားရောက်ကြည့်ရှုရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (၄၈၇)



# ကိုသိန်း(တိုကျို)၏ 'ဂျပန်မြန်မာချစ်ကြည်ရေးပေါင်းကူးတံတား'စာအုပ် စာကြည့်တိုက်များသို့ လှူဒါန်းပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၂**

စာရေးဆရာ ကိုသိန်း(တိုကျို)၏ 'ဂျပန်မြန်မာချစ်ကြည်ရေးပေါင်းကူးတံတား'စာအုပ် စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ၆၈လမ်း၊ ၃၃Aလမ်းထောင့်ရှိ ပေါက်ကျိုင်းကဖေး(၃)ဆိုင်ရှိ သီးသန့်ခန်းတွင် ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ရွှေနေကြီး ဦးစိန်လှက ဂျပန်ပြည်တွင် နေထိုင်သော စာအုပ်အလှူရှင် ဆရာကိုသိန်း(တိုကျို)ကို ဖုန်းဗီဒီယိုကင်မရာမှ တစ်ဆင့်ခေါ်ဆို၍ အခမ်းအနားတက်ရောက်လာသူများအား တစ်ဦးချင်း မိတ်ဆက်ပြသပေးသည်။

ထို့နောက် ဆရာဝေမင်းသန့်(မန်ကျည်းဗုစ်)နှင့် ဆရာမ စောဥမ္မာ(ဖြူ)တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြပြီး စာအုပ်အလှူရှင်စာရေးဆရာ ကိုသိန်း(တိုကျို)ကိုယ်စား ရွှေနေကြီး ဦးစိန်လှက အမှတ်တရစကားပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက် ၁၅တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းရာ အမရဌာနီမြောက်ပြင်ရှိ အလင်းရောင်စာကြည့်တိုက်၊ ညောင်ကွဲရပ်ရှိ ကြံတိုင်းအောင်စာကြည့်တိုက်၊ ပုသိမ်ကြီးမြို့မစာကြည့်တိုက်၊ လင်းရောင်ခြည်စာကြည့်တိုက်၊ ရွှေဥဒေါင်းစာကြည့်တိုက်၊ လူထုစာကြည့်တိုက်၊ မဟာဂန္ဓာရုံဆွမ်းစားကျောင်းလင်းရောင်ခြည်စာကြည့်တိုက်၊ မိုးမိတ်မြို့နယ် မေတ္တာလမင်းစာကြည့်တိုက်၊ ကျောက်ဆည်မြတ်ဓမ္မစာကြည့်တိုက်၊ ဝေန်အနုပညာရပ်ဝန်းစာကြည့်တိုက်၊ ဘာဝနာဂုဏ်ရည်ကျောင်းစာကြည့်တိုက်၊ နောင်ချိုမြတ်သုတ အသံတိတ်တက္ကသိုလ်စာကြည့်တိုက်၊ ဓာတ်မာန်စာဖတ်အသင်းစာကြည့်တိုက်၊ ပြင်ဦးလွင်ဓမ္မရက္ခိတဝိဟာရစာကြည့်တိုက်၊ စာချစ်သူ(မန္တလေး)စာပေသုတမျှဝေခြင်းစာကြည့်တိုက်တို့ တာဝန်ရှိသူ အသီးသီးတို့က စာအုပ်များ လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ရဟန်းစာဆိုတက္ကသိုလ်တေဇာလင်းက အမှတ်တရ မုဒိတာစကားနှင့် စာကြည့်တိုက်အားလုံးကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားပြီး အခမ်းအနားတက်ရောက်သူများနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (PNT)

# ရေကြီးနစ်မြုပ်ဖြစ်ပေါ်ပြီးနောက်ပိုင်း ရေပြန်ပေါ်သီးနှံများဖြစ်သည့် စပါးသီးနှံတွင် ကျရောက်နိုင်သည့် ဖြုတ်ညိုကျရောက်ဖျက်ဆီးမှုများ ကာကွယ်နှိမ်နင်းခြင်း အသိပညာပေး

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ဖြစ်ပေါ်ပြီးနောက်ပိုင်း ရေပြန်သီးနှံများဖြစ်သည့် စပါးသီးနှံတွင် ကျရောက်နိုင်သည့် ဖြုတ်ညိုကျရောက် ဖျက်ဆီးမှုများ ကာကွယ်နှိမ်နင်းခြင်း အသိပညာပေး Campaign ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနခွဲရှိ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်တို့ရှိ ရေကြီးနစ်မြုပ်စိုက်ဧကများတွင် ဖြုတ်ညိုဖျက်ပိုးကာကွယ်နှိမ်နင်းရေးကို Campaign အသွင်ဖြင့် ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၂၁ရက်က သာစည်မြို့နယ်ရှိ ကြာဘက်ကုန်းကျေးရွာ၌ ဆောင်ရွက်ခဲ့ရာ မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူးနှင့် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးမှူးတို့က ရေကြီးနစ်မြုပ်ဖြစ်ပေါ်ပြီးနောက်ပိုင်း ရေပြန်ပေါ်သီးနှံများ ဆက်လက်ရှင်သန်နိုင်ရန် ပြန်လည်ကုစားနိုင်သည့် နည်းလမ်းများနှင့် ကူညီပံ့ပိုးပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီးနောက် တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းသင်းထက်က ရေကြီးနစ်မြုပ်ပြီး ရေပြန်ပေါ်သော စိုက်ဧကများ ပြန်လည်ရှင်သန်အားကောင်းရန်နှင့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ အသိပညာပေးခြင်းတို့ကို ပို့ချခဲ့သည်။

၄င်းနောက် တက်ရောက်လာသော နစ်မြုပ်မှုဖြစ်သည့် တောင်သူများအား မန္တလေးမြို့မှ စိုက်ပျိုးရေးဆေးဆိုင်များ မြေလတ်ရာဇာ၊ ဂြိုလ်တု၊ စိမ်းမြမြ၊ အောင်မြင်သူ၊ တိုင်းလုံးကျော်နှင့် စိုက်ပျိုးရေး ဆေးဆိုင်များ၊ Titan Agro Science Co.Ltd ၊Dimond Light Co.Ltd ၊Golden Lion Co.Ltd၊ Farm Link Co.ltd Waimar (Myanmar)Sugar Limited စသည့် ဆေးကုမ္ပဏီများနှင့် ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်တို့ရှိ စိုက်ပျိုးရေးလုပ်ငန်းသုံး အရောင်းဆိုင်များမှ လှူဒါန်းသော ပိုးသတ်ဆေးနှင့် ဆေးဖျန်းပုံး၊ အပင်ရွက်ဖျန်းအားဆေးတို့ကို အဆိုပါခရိုင်များ ကွင်းဆင်းဧရိယာတွင် အကျုံးဝင်သည့် တောင်သူများအား လုပ်ငန်းရှင်များကိုယ်စားထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ကျန်ရှိနေသော စိုက်ပျိုးရေးဆေးများအား မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ရေမြုပ်ပြီးပြန်ပေါ်လာသော သီးနှံစိုက်ခင်းများအတွက် ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ပြီး ထောက်ပံ့ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၁၄၆သိန်းဖိုးခန့်ရှိကြောင်း၊ ကျန်လှူဒါန်းထားသော ပစ္စည်းများအား စပါး၊ မြေပဲ၊ ဝါသီးနှံများ ရှင်သန်ရေးအတွက် သီးနှံစိုက်ဧက မလျော့ကျရေး၊ အထွက်နှုန်းမကျရေးတို့အတွက် ပညာပေးခြင်းများနှင့် ထောက်ပံ့ပေးခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)



# မြစ်သားမြို့နယ် ရေဘေးသင့်ကျေးရွာသို့ ငွေကျပ် သိန်း(၂၅၀)ဖိုး လှူဒါန်း

**မြစ်သား စက်တင်ဘာ ၂၂**

မန္တလေးတိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မြစ်သားမြို့နယ် ကြက်ခြေနီအသင်းခွဲတို့၏ ပူးပေါင်းကူညီမှုဖြင့် Sunflower International School ကိုယ်ပိုင်အထက်တန်းကျောင်း ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအဖွဲ့က ယနေ့တွင် မြစ်သားမြို့နယ်အတွင်းရှိ ရေဝင်ရောက်လျက်ရှိသော (ယွေး)ကျေးရွာသို့ သွားရောက်ကာ ပစ္စည်းနှင့်ငွေသား စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်း ၂၅၀လှူဒါန်းခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဒေါက်တာသိန်းထွန်းဆောင်၊ မြစ်သားမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးတင်လွင်ဦးတို့မှ ဦးဆောင်ကာ ကြက်ခြေနီအသင်းအဖွဲ့ဝင်များ၏ အကူအညီဖြင့် ရေဝင်ရောက်လျက်ရှိသော ရေဘေးသင့်ရာ ယွေးကျေးရွာသို့ Sunflower ကိုယ်ပိုင်အထက်တန်းကျောင်းမှ ရေဘေးဒဏ်ခံစားနေရသူများအား တစ်အိမ်ထောင်လျှင် ကျပ်တစ်သိန်းခွဲခန့် တန်ဖိုးရှိ မိသားစုအသုံးအဆောင်ပစ္စည်းများနှင့် ငွေသားတစ်သိန်းကျပ်ကို အိမ်ထောင်စု ၈၀စာပေးအပ်ခဲ့ပြီး၊ ရွာဦးဘုန်းတော်ကြီးကျောင်းသို့ နဝကမ္မဝတ္ထုငွေ သုံးသိန်းကျပ်နှင့် သံဃာအသုံးအဆောင်ပစ္စည်းများ၊ မြစ်သားမြို့နယ် ကြက်ခြေနီအသင်းခွဲသို့ အလှူငွေ သုံးသိန်းကျပ်၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၅၀ခန့် လှူဒါန်းခဲ့ပါသည်။

ထိုသို့ ရေဘေးသင့်ဒေသများသို့ သွားရောက်ကူညီလှူဒါန်းလိုပါကလည်း သက်ဆိုင်ရာမြို့နယ် ကြက်ခြေနီအသင်းများဖြင့် ချိတ်ဆက်ကူညီမှုဖြင့် လှူဒါန်းနိုင်သည်ဟု သိရသည်။

(မန္တလေးနေ့စဉ်-၅)

# ထားတတ်လျှင် ကုသိုလ်ရနေပါသည်

အိုးဝေ(မြေနီကျင်း)

ယနေ့နံနက် အမျိုးသမီး ဈေးမှပြန်ရောက်ရောက်ခြင်း ဆွဲခြင်းချ၊ ကျွန်တော့်မျက်နှာကို ကြည့်ပြီး "ထိကရုံးက-တစ်စီးငါးရာကျပ်တောင် ပေးခဲ့ရတယ်တော့ ဒီမှာတွေ့လား" ဟု နှုတ်မှ ပြောရင်း လက်မှ ပြလာသည်။ မိုးရာသီအကုန် ရာသီပေါ် ငါးပိချက်ဖြင့် စားချင်၍ မှာမိသည်။ "အေးပေါ့ကွာ အရာရာသူ့တန်ရာတန်ကြေး ဖြစ်ကုန်ကြပြီ။ "တို့ပုထုဇဉ် လူသားတွေပဲ သူ့တန်ရာတန်ကြေး ကနေ မြင့်မလာဘဲ ကျကျနေကြတယ်"ဟု ပြောရင်း နံနက်ခင်းစာ စားအပြီး၊ ဆိုင်ကယ်ဓာတ်ဆီ တိုင်ကီအဖုံးဖွင့်ကြည့်မှ ဆီကုန်နေမှန်း သိရသည်။ ဤသို့ဖြင့် ဓာတ်ဆီဆိုင်ရှေ့ရောက်ခဲ့သည်။ ယခင်လောက် အတန်းမရှည်သော်လည်း အစီး ၂၀ လောက်တော့ တန်းခဲ့ရသည်။ တန်းနေစဉ် လူငယ်တစ်ဦးက နှုတ်မှ ပြောလာသည်။ "စီးနေသူဆိုရင် လူမရှိဘူးဗျ၊ ပြန်ရောင်းတဲ့သူတွေကြောင့် ဒုက္ခအဖြစ် တန်းနေရတာ" ထိုလူငယ်က အသက် ၃၀ ဝန်းကျင်ခန့်ရှိမည် ဖြစ်သည်။ သူ့ကိုကျွန်တော်မသိပါ၊ သို့သော် ထိုလူစကားမှန်သော်လည်း ကျွန်တော်အဆုံးသတ်ပေးလိုက်မိသည်။ "သူတို့အဖြစ်က စီးတဲ့သူထက် ဒုက္ခပိုနေကြတယ်" ထို လူငယ်စကားသံပိတ်ပြီး ကျွန်တော့်စကားကို အာရုံပိုစိုက်လာနေပြီ ဖြစ်သည်။ "သူတို့က ယောက်ျားဝင်ငွေအပြင် အပိုရဖို့ ရှာနေကြတယ် ညီလေးရေ၊ ဒီလုပ်ငန်းက သူတို့အတွက် မိုးရွာတုန်း ရေခံ သဘောပါပဲ ခဏတာပါပဲ၊ ပျောက်သွားမှာပါ"ဟု ဖြေလိုက်မိသည်။

ဒီလိုနဲ့ ရှေ့ဆိုင်ကယ်ရွှေ့၍ လိုက်ရွှေ့ခဲ့သည်။ တဖြည်းဖြည်းနှင့် နီးလာပြီဖြစ်သည်။ ထိုစဉ် ထိုလူငယ်ပြောသည့် စကားကြောင့် ကျွန်တော့် ရင်ထဲကစကားများ ဆက်တိုက်ထွက်လာနေမိသည်။ "ညီလေးရေ၊ တို့ရပ်ကွက်မှာ လက်ဖက်ရည်ဆိုင်တွေ လူတွေရဲ့အလွှာလိုက် ကိုယ်စီဖွင့်ထားကြတယ်။ တစ်နေ့မြို့ပြင်က ခပ်ဝေးဝေးဆိုင် ဧည့်သည်နဲ့ထိုင်တော့ ထပ်တရာနဲ့ လက်ဖက်ရည် (နှစ်ခု)နှစ်ခွက်၊ ငါးထောင်ကျပ်နဲ့ လောက်တယ် တို့အိမ်နားက ဆိုင်ထိုင်ရင် မလောက်ဖူး အကြောင်းအရင်း မသိခင်က ဈေးများတာ မှန်ပေမယ့် ဒီလောက်မကျသင့်ဘူးပေါ့၊ ငါးထောင်ကျပ်နဲ့လောက်တဲ့ဆိုင်က သူက အိမ်ပိုင်၊ မိသားစုက ငါးယောက်၊ ယောက်ျားက လက်ဖက်ရည်ဖျော်၊ မိန်းမက အီကြာကွေးကြော်၊ သားက နံပြားရိုက် သမီးကြီးက လာသမျှအကြိုက် မေး၊ သမီးငယ်က ငွေကိုင်ပြီး ဆိုင်ထိုင်၊ ဆိုင်က မြိုင်ပြီးရင်း မြိုင်နေတယ်၊ စားသုံးသူရော ရောင်းသူပါ အဆင်ပြေတယ်ပေါ့၊ ငါးထောင်ကျပ်နဲ့ မလောက်တဲ့ဆိုင်က လက်ဖက်ရည်တစ်ခွက် ၁၅၀၀ကျပ်နဲ့ ၂၀၀၀ ကျပ်အကြားရှိတယ်" ကိုယ်ကအိမ်နဲ့နီးတော့ ဆိုင်ရှင်နဲ့ တရင်းတနှီးစကားပြောခွင့်ရပြီး "အစ်ကိုရာ ဈေးတွေကကြီးတော့ ရောင်းဈေးက ဝယ်ရင်းဈေး ဖြစ်ဖြစ်နေတယ်။ ဒီနေ့ ရောင်းရငွေအကုန် ပြန်ဝယ်နေရတော့ ဆိုင်ဖြုတ်ဖို့တောင် စဉ်းစားနေမိတယ်"။

"ဒါပေမဲ့ ကျွန်တော့ မှီနေတဲ့ အလုပ်သမားက ၃၀ ဦးဆိုတော့ ကိုယ့်ရဲ့အမြတ်ထက် သူတို့ဘဝကို ပြန်ငဲ့နေရတယ်၊ ကျွန်တော်ဆိုင်ဖြုတ်တာ ကျွန်တော် တစ်ယောက်ရဲ့ဒုက္ခ၊ ကျွန်တော့် ဒုက္ခက သူတို့လောက် မများဘူး၊ သူတို့တစ်ဦးစီရဲ့ ဒုက္ခက မသေးလှဘူး၊ ဒါကြောင့် ကျွန်တော်မေးပြီး ရောင်းနေတာ" အစ်ကို ဒီစကားကြားတော့ ဆိုင်ရှင်ရဲ့ ဒုက္ခနဲ့ အရင်းက မသေးဘူးကွ၊ ဆိုင်ငှားခ ကတက်၊ အစစအရာရာက မြင့်လာတော့ သူလည်း ခက်နေတာပေါ့၊ ဒါကြောင့် ညီလေးကို အစ်ကိုပြောချင်တာက ညီလေးလက်ဖက်ရည်ဆိုင်ထိုင်ရင် အဆင်ပြေတဲ့ဆိုင်ရွေးပြီးမှ ထိုင်၊ ဈေးကြီးဆိုင် ထိုင်ဖြစ်ခဲ့ရင်လည်း၊ ဘာသာရေး ရှုထောင့်ကပဲဖြစ်ဖြစ်၊ ဆိုင်ရှင်ဘက်ကနေ နားလည်ပြီး ဆိုင်ရှင်ရဲ့ စိတ်ဆန္ဒအတိုင်း စာနာပေးရင် ညီလေးသောက်တဲ့ လက်ဖက်ရည်တစ်ခွက်ဖိုးမှာ သူဆိုင်မှီနေတဲ့ အလုပ်သမားလေးတွေကို တစ်စိတ်တစ်ပိုင်း လခပေးပြီး ကူညီတယ်လို့ မြင်လိုက်ပါ။ အဲဒီအခါ ဈေးကြီးတာ မမြင်တော့ဘူးပေါ့ကွာ ဟုတ်ပြီလား" ညီလေးစပြောတဲ့ ဓာတ်ဆီထုတ်တန်းနေတဲ့သူတွေလိုပေါ့ကွာ ညီလေးလက်ခံတာ လက်မခံတာကတော့ တစ်ပိုင်းပေါ့၊ ကိုယ့်အမြင် သူ့အမြင်ကတော့ မတူဘူးပေါ့ကွာ" ဟု စကားအဆုံး၊ တိုင်ကီအဖုံးဖွင့်ပြီး (92)ခုနှစ်ထောင်ဖိုးဖြည့် အိမ်ကို ဆိုင်ကယ်ဆီအပြည့်နှင့် ပြန်လာခဲ့သည်။

အိမ်ရောက်တော့ ချစ်ဇနီးက အပြုံးဖြင့်ကြို "ယောက်ျားရေ ထိကရုံးနဲ့ ငါးပိချက်ကျက်ပြီ ထမင်းစားတော့မလား"ဟု ဆိုတော့ "အေးကွာ မောလာလို့ စားတာပေါ့"ဟု ပက်လက်ကုလားထိုင်မှာ အားပြုထိုင်ရင်း၊ ခေါင်းမော့စကားဆိုလိုက်သည်။ ဓာတ်ဆီတန်းစဉ်က ပြောဖြစ်ခဲ့သည့်စကား ခေါင်းထဲအတွေးတစ်ခုလိုဆက်၍ ပါလာနေမိပြန်သည်။

ယနေ့သမာအာဇီဝနှင့် ဈေးရောင်းသူအားလုံး မေးကြည့်ပါက အသံနှင့်အဖြေတွေက တူနေကြသည်။ အခက်အခဲက အားလုံးမှာ ရှိကြသည်။ သို့သော် ဒုက္ခကမတူကြပါ။ ဈေးသည်တို့၏ ဆိုရိုးစကားအတိုင်း မလျှုနိုင်ဈေးရောင်း၊ ဈေးရောင်းရင်း ကုသိုလ်ရနေဖို့ ဖြစ်နေဖို့လိုပါသည်။ မြန်မာတို့၏ မြန်မာ့စိတ်ရင်းအတိုင်း စေတနာ မပျက်ဖို့နဲ့ မှန်မှန်ကန်ကန် ရောင်းချကြဖို့ လိုပါသည်။ ကျွန်တော်လည်း ဝန်ထမ်း(ငြိမ်း)ဘဝ ယခင်လုပ်နေကြအလုပ် လုပ်နေရင်း တဖြည်းဖြည်း ပါးလာနေပြီ ဖြစ်သည်။ ကျွန်တော့် အိမ်အလုပ်က အမျိုးသမီးရဲ့ အုန်းသီးရောင်းခြစ်၊ ညှစ်အလုပ်လေးပါ၊ ယခင်က အုန်းသီးတစ်လုံး အပြီးအစီး ၁၀၀၀ ကျပ်ကနေ၊ ယခု ၃၅၀၀ ကျပ်၊ ၄၀၀၀ ကျပ် ဖြစ်လာတော့ အိမ်မှာ အုန်းသီးတွေ အညှောင့်တွေ ထွက်ကုန်နေပြီ ဘယ်တတ်နိုင်မလဲ၊ အားလုံး အဆင်ပြေဖို့က အဓိကပါပဲ၊ သူများတွေ ကုသိုလ်လည်းယူ စာနာစိတ်နဲ့ ဆိုင်ကိုဆက်ဖွင့်နေသလို ကိုယ်လည်းပဲ ထားတတ်လျှင် ကုသိုလ်ရနေဖို့ ကြိုးစားရမှာပဲ ဖြစ်သည်။

ထို့အတူ ရပ်ကွက်ထဲက မိတ်ဆွေတစ်ဦးကလည်း ပြောပြလာသည်။ လုပ်ငန်းအကြောင်း မဟုတ်ပါ၊ကျွန်တော့်ညီက ရေအိုးစင်တည်၊ ရေချိုပေးပြီး ကုသိုလ်တွေရနေတယ်၊ ကျွန်တော်က အမြင်မတော်တာပြောနေရင်း ငရဲကျနေတယ်ဗျာ" "အခုရေအိုးစင်က ရေခွက်ကြိုးချည်ထားရပြီး ရေချိုကို တစ်ဆင့်ပြန်ရောင်းစားကြတယ်လေ ကောင်းသေးလားဗျာ" ဟု ဆိုလာသည်။ အေးပေါ့ ခင်ဗျားက အလှူရှင်မဟုတ်တော့ ထဲထဲဝင်သိနေမြင်နေတာက ကိုယ့်ကိုယ်ကိုယ် အပြစ်ဖြစ်နေမှာပေါ့"၊ "ဟုတ်တယ် ဗျ" "ခင်ဗျားကို အကြံပေးမယ်လက်ခံရင်ပေါ့ ပြောပါ ခင်ဗျား၊ ကန့်သတ်မထားရင် မသိချင်ဟန်ဆောင်သာနေ ခင်ဗျားအတွက် အကုသိုလ် မဖြစ်တော့ဘူးပေါ့"၊ "အဲဒီအတိုင်း ကြိုးစားရမှာပဲဗျာ"ဟု သက်ပြင်းချလျက် ခေါင်းညိတ်သည်၊ "ခင်ဗျားညီရဲ့ ကုသိုလ်အလှူကို အကောင်းမြင်ပြီး ထပ်ဆင့်သာဓုသုံးကြိမ်သာ ခေါ်ပေးပါဟု သိသမျှ အကြံပေးမိသည်။

ထိုစဉ် အားလုံးခြုံကြည့်မှ ဗုဒ္ဓ၏ ဓမ္မစာပေမှ ဆောင်ပုဒ်အား သတိတရ ဖြစ်လာမိသည်။ ဆောင်ပုဒ်က "နာကိုး၊ တောင်းရှစ်၊ သာဓုတစ်၊ ဟောလစ် အသင်္ချေ" ပင်ဖြစ်သည်။ မိမိအတွက် အရင်းအနှီးမလို၊ သူများပြုပြီး ကုသိုလ်အား မေတ္တာစိတ်ဖြင့် မုဒိတာပွားများက သာဓုသုံးကြိမ်ခေါ်ရုံမျှဖြင့် များပြားသည့်ကုသိုလ်၊ ကိုယ်ကရနိုင်ပါသည်။ မိမိပြုနိုင်သည် ဖြစ်စေ၊ မပြုနိုင်သည်ဖြစ်စေ၊ ကောင်းမှုကုသိုလ်အား ကုသိုလ်စိတ်ဖြင့် စိတ်တွင် အောက်မေ့အမျှဝေ သာဓုခေါ်ဆိုနိုင်ရန် ကြိုးစားဖို့ လိုပါသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်တို့သည် " ဒါနသီလ ဘာဝနာ" ကုသိုလ်တရားများကို ပြုလုပ်ပြီးသော အခါတိုင်း၌ မိမိတို့ ကုသိုလ်၏ အဖို့ဘာဂကို အမျှအတန်းပေးဝေလေ့ရှိကြပါသည်။ အမျှဝေခြင်းကို "ပတ္တိဒါန" ကုသိုလ်ဟု ခေါ်ဆိုကြပြီး အလှူရှင်တို့ ပေးဝေသည့် ကုသိုလ်အမျှကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခြင်းကို "ပတ္တာနုမောဒန ကုသိုလ်" ဟု ခေါ်ဆိုကြပါသည်။ ထို့ကြောင့် "ပတ္တိဒါန ပတ္တာနုမောဒန" သည် မိမိပြုပြီးကုသိုလ်တို့အား ထပ်ဆင့်အမျှပေးဝေခြင်းဟု အဓိပ္ပာယ်ရ၍ ဈေးရောင်းရင်း ကုသိုလ်ပြုနေသူတို့အား မုန့်တစ်ခု၊ လက်ဖက်ရည်တစ်ခွက်ကို အားပေးရင်း ကုသိုလ်ရယူ သာဓုခေါ်နိုင်ပါစေလို့ ဆန္ဒပြု ရေးသားလိုက်ရပါသည်။

ဤတွင် "နာကိုး"ဆိုသည်က တရားအကြောင်း နာသော ပုဂ္ဂိုလ်သည် ကိုးကမ္ဘာအပါယ်မလားနိုင်ပါ "တောင်းရှစ်" ဆိုသည်က တရားဟောရန် တောင်းပန်သော ပုဂ္ဂိုလ်သည် ရှစ်ကမ္ဘာအပါယ်မလားနိုင်ပါ။ သာဓုတစ် ဆိုသည်က သာဓုဟု(သုံးကြိမ်)ခေါ်ခွင့်ရသူက တစ်ကမ္ဘာအပါယ်မလားနိုင်ပါ။ "ဟောလစ် အသင်္ချေ" ဆိုသည်က တရားဟောသော ပုဂ္ဂိုလ်သည် အသင်္ချေ အပါယ်မလားနိုင်တော့ပါ။ သို့ပါ၍ ကျွန်တော်တို့သည် ဗုဒ္ဓဘာသာသာကီနွယ်ဝင်များ ဖြစ်သည်နှင့်အညီ သူများပြုပြီး ကုသိုလ် (ပတ္တိဒါန)အား (ပတ္တာအနုမောဒန) သာဓုထပ်ဆင့် ခေါ်ဆိုသူများ ဖြစ်ကြရုံဖြင့် တစ်ကမ္ဘာအပါယ်မလားနိုင်တော့ပါဟု နိဗ္ဗာန်အကျိုးရည်မျှော်လျက် ထားတတ်က ကုသိုလ်ရနေနိုင်ပါသည်ဟု (ကျွန်တော်၏အမြင်အား ဘာသာရေး ရှုထောင့်အသွင်ဖြင့်) ရေးသားလိုက်ရပါသည်။

**ကိုးကား။ ။ အခြေခံဗုဒ္ဓဘာသာ တရားတော်**

ဗုဒ္ဓဘာသာဝင်တို့သည် " ဒါနသီလ ဘာဝနာ" ကုသိုလ်တရားများကို ပြုလုပ်ပြီးသော အခါတိုင်း၌ မိမိတို့ ကုသိုလ်၏ အဖို့ဘာဂကို အမျှအတန်းပေးဝေလေ့ရှိကြပါသည်။ အမျှဝေခြင်းကို "ပတ္တိဒါန" ကုသိုလ်ဟု ခေါ်ဆိုကြပြီး အလှူရှင်တို့ ပေးဝေသည့် ကုသိုလ်အမျှကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခြင်းကို "ပတ္တာနုမောဒန ကုသိုလ် "ဟု ခေါ်ဆိုကြပါသည်။ ထို့ကြောင့် "ပတ္တိဒါန ပတ္တာနုမောဒန"သည် မိမိပြုပြီး ကုသိုလ်တို့အား ထပ်ဆင့်အမျှပေးဝေခြင်းဟု အဓိပ္ပာယ်ရ၍ ဈေးရောင်းရင်း ကုသိုလ်ပြုနေသူတို့အား မုန့်တစ်ခု၊ လက်ဖက်ရည်တစ်ခွက်ကို အားပေးရင်း ကုသိုလ်ရယူ သာဓုခေါ်နိုင်ပါစေလို့။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Luo Yunxi ရှေးဟောင်းဝတ်စုံနှင့် အလိုက်ဖက်ဆုံးအနုပညာရှင်ဖြစ်

တရုတ်ထိပ်တန်းအနုပညာရှင် လောင်ယန်ရှီးကို ရှေးဟောင်းဝတ်စုံနှင့် အလိုက်ဖက်ဆုံး အနုပညာရှင် Costume Drama King ဟု သတ်မှတ်ခံရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လောင်ယန်ရှီးသည် Hello Aliens ဇာတ်ကားနှင့် အနုပညာလောကသို့ ဝင်ရောက်ခဲ့ပြီးနောက် ဆယ်နှစ်အတွင်း ဇာတ်လမ်းတွဲ ၂၀ ထွက်ရှိထားကာ ထိပ်တန်းအနုပညာရှင်ဖြစ်ခဲ့ပြီး Ashes of Love နှင့် ပြည်တွင်းပြည်ပ ပရိသတ်အားပေးမှုရရှိထားသည်။

လောင်ယန်ရှီး ပါဝင်ထားသော ဇာတ်ကားများစွာအနက် အဆိုပါဇာတ်ကားတွင် ရှေးဟောင်းဝတ်စုံနှင့်အလိုက်ဖက်ဆုံး အနုပညာရှင်ဟု သတ်မှတ်ခံရကာ Love is Sweet Lie To Love 2023 ခုနှစ်ထွက် Till The End of The Moon တို့ဖြင့် သူ့ပုံရိပ်ကို မြှင့်တင်နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ထွက်ရှိထားသည့် Follow Your Heart မှာ ကြည့်ရှုနှုန်းမြင့်မားခဲ့ပြီး အနုပညာခရီးတွင် အောင်မြင်မှုရရှိထားကာ Shuilong Yin ထွက်ရှိလာဦးမည်ဖြစ်ပြီး အသက် ၃၆နှစ်နှင့် လောင်ယန်ရှီး၏ တောက်ပမှုများကို မြင်တွေ့ကြရမည် ဖြစ်သည်။

SKY



## Jung Kook နှင့် Jimin တို့ Busan သားနှစ်ဦး ပေါင်းစည်းမှု ရှိ

ဘီတီအက်စ်အဖွဲ့ဝင် နောက်ဆုံးဖြစ်ခဲ့သည့် ဂျီမင်နှင့်ဂျောင်ဂုတို့မှာ ဘူဆန်သားနှစ်ဦးဖြစ်ပြီး မတူညီသော ခြားနားမှုများကို နှစ်ဦးပေါင်းစည်း၍ "သဲကန္တာရကို ပင်လယ်ဖြစ်လာနိုင်သည်" ထိ ပြသသွားနိုင်ခဲ့ကြသည်ကို Are You Sure? တွင် မြင်တွေ့ခဲ့ကြရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ဂုသည် ယောကျ်ားလေး၏ ကြမ်းတမ်းသော ဗီဇကို ထုတ်ပြတတ်ပြီး သူ့အား ကာကွယ်ပေး၍ သိမ်မွေ့နူးညံ့သော ဂျီမင်တို့နှစ်ဦး မတူညီသော ခြားနားမှုများရှိကြကာ တူညီသော မွေးဇာတိနှင့် ခရီးအတူထွက်၍ လူငယ်ဘဝကုန်ဆုံးခဲ့ကြရာတွင် ၂၀၁၇ ခုနှစ် ဂျပန်ခရီးစဉ်တွင် တစ်ကြိမ်၊ ၂၀၂၃ ခုနှစ် အမေရိကန်၊ ဂျီဂျူးကျွန်း၊ ဆာပိုရို ခရီးစဉ်တင် Are You Sure? နှင့် ဒုတိယအကြိမ် စိတ်တူကိုယ်တူဖြစ်ခဲ့ကြသည်။

လက်ရှိ ဂျီမင်၏ တစ်ကိုယ်တော်ဂီတ WHO မှာ နိုင်ငံပေါင်း ၇၂ နိုင်ငံတွင် ထိပ်ဆုံးစာရင်းဝင်နေပြီး ဂျောင်ဂု၏ Golden အပါအဝင် တစ်ကိုယ်တော်ဂီတ အယ်လ်ဘမ်နှင့် ကမ္ဘာ့ဂီတထိပ်ဆုံးအဆင့်နှင့် ဆုပေါင်းရှစ်ဆုတိတိကို ဆွတ်ခူးရရှိထားကာ သင်တန်းသားများအဖြစ် အတူလေ့ကျင့်နေကြသည်။

SKY



## Chen Yuqi @ Yukee အောက်ခြေဘဝမှ အောင်မြင်မှုရရှိလာသော အနုပညာရှင်ဖြစ်

တရုတ်သိုင်းဇာတ်ကား Heavely Sward and Dragon Slaying Sabre မှ မင်းသမီး ချန်ယူကျီ(ခေါ်)ယူကီသည် အနုပညာလောကသို့ အောက်ခြေဘဝမှ ဝင်ခဲ့ပြီး အောင်မြင်မှုရရှိထားကာ အသက် ၃၂ နှစ်ပြည့်ပြီဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချန်ယူကျီသည် အရန်သရုပ်ဆောင်ဘဝ၊ ဝန်ထမ်းဘဝမှ မင်းသမီးတန်ယန်က သူ့ကုမ္ပဏီနှင့်စာချုပ်၍ အနုပညာလောကထဲခြေချလာကာ ၂၀၁၆ ခုနှစ်တွင် The Princess Wei Young နှင့် ပထမဆုံးပွဲထွက်ခဲ့သည့်အပြင် အနုပညာစွမ်းရည်ကြောင့် ဆုပါရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ပြည့်နှစ်များတွင် ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့ပြီး ကြည့်ရှုနှုန်းသန်းထောင်ချီရရှိကာ ၂၀၂၂-၂၀၂၃ ခုနှစ် ကျော်ကြားမှုများနှင့် ထိပ်တန်းမင်းသမီးဖြစ်လာကာ ဇာတ်ကားများစွာ ရိုက်ကူးထားရာ Maybe This is Love နှင့် The wind and The Waves Will End, Fox Spirit Matchmaker တို့တွင်လည်း မြင်တွေ့ကြရမည်ဖြစ်သည်။ SKY



## Xiao Zhan ၏ Golden Nine September Issue ကို ပရိသတ်အာရုံစိုက်ခံရ

၂၀၂၄ ခုနှစ် Golden Nine September မျက်နှာဖုံးတွင် အမျိုးသမီး အနုပညာရှင်များကြား Top Traffic Stars နှစ်ဦးတွင် အမျိုးသားအဖြစ် ရှောင်းကျန့်တစ်ဦးတည်း ပါဝင်ခဲ့၍ အာရုံစိုက်ခံရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထိပ်ဆုံးအမျိုးသမီးမဂ္ဂဇင်း ငါးခုဖြစ်သည့် Vogue, EllE Bazaar, Marie Clarie & Cosmo တို့အနက် စက်တင်ဘာလထုတ်ကို Golden Nine သတ်မှတ်ကာ အမျိုးသမီးများစိုးမိုးထားရာမှ အမျိုးသားတစ်ဦးတည်းအဖြစ် ရှောင်းကျန့်ပါဝင်ထားသည်။

ယင်းမဂ္ဂဇင်းတွင် အများစုမှာ ရုပ်ရှင်လောကနှင့် ဖက်ရှင်လောကမှ အနုပညာရှင်အမျိုးသမီးများသာ ပါဝင်ခဲ့ကြရာမှ စက်တင်ဘာလအတွက် Top Traffic Stars နှစ်ဦးတွင် ရှောင်းကျန့် ပါဝင်ခဲ့၍ ပိုမိုအာရုံစိုက်ခံခဲ့ရသည်။ SKY



## အရာဝတ္ထုမျက်နှာပြင်အချင်းချင်း ပွတ်တိုက်ရာမှ တည်ငြိမ်လျှပ်စစ်ထွက်ပေါ်လာပုံကို သုတေသနပြု

အရာဝတ္ထုနှစ်ခုပွတ်တိုက်လိုက်လျှင် တည်ငြိမ်လျှပ်စစ်ကို ရရှိသည်။ ဘက်ထရီမှရရှိသော တိုက်ရိုက်လျှပ်စစ်ဓာတ်အားသည်လည်း တည်ငြိမ်လျှပ်စစ်ဖြစ်သည်။ ဦးခေါင်းကို အဝတ်သို့မဟုတ် တဘက်ဖြင့်ပွတ်တိုက်လျှင် ဆံပင်များထောင်ပြီး ဖွာထွက်လာခြင်းကို တည်ငြိမ်လျှပ်စစ်ပေါ်ထွက်လာသည့် လက္ခဏာအဖြစ် တွေ့နိုင်သည်။

ထိုသို့တည်ငြိမ်လျှပ်စစ်ပေါ်ထွက်လာခြင်းအကြောင်း သိပ္ပံပညာရှင်များသိရှိထားသည်မှာ နှစ်ပေါင်းရာနှင့်ချီကြာမြင့်နေပြီဖြစ်သော်လည်း ပွတ်တိုက်မှုမှ လျှပ်စစ်ဓာတ်မည်သို့ထွက်ပေါ်လာသည်ကို သုတေသနမပြုခဲ့ဖူးချေ။ အမေရိကန်ပြည်ထောင်စု အနောက်မြောက်တက္ကသိုလ်မှ လောရန့်စ်မာ့ခ်စ်ဦးဆောင်သော သုတေသီများ ယင်းတည်ငြိမ်လျှပ်စစ်အကြောင်း မကြာသေးမီက သုတေသနပြုခဲ့ကြောင်း သိရသည်။ SCI

## Wang Yibo က Yuehua Family Dinner Gala ကို ဖက်ရှင်သစ်နှင့် တက်ရောက်လာ



တရုတ်အနုပညာရှင် ဝမ်ရိဘိုသည် Yuehua Family Dinner Gala ပွဲသို့ ဖက်ရှင်စတိုင်လ်သစ်နှင့် တက်ရောက်လာ၍ ပရိသတ်အံ့အားတသင့်ဖြစ်ခဲ့ကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၄ ခုနှစ် အဆိုပါပွဲတက်ပုံရိပ်မှာ ရုပ်ရှင်ဇာတ်ဝင်ခန်းတစ်ခုမှ ဗင်းနစ်ဗီဂါ၏ ပုံစံအတိုင်း တီရှပ်အဖြူလက်တို၊ ဘောင်းဘီတိုအပြာရင့်နှင့် ခြေညှပ်ဖိနပ်စီး၍ ကော်ဇောနီပေါ် တက်ရောက်လာခဲ့ခြင်း ဖြစ်သည်။

ယင်းပွဲတော်တွင် ဝမ်ရိဘိုနှင့်အတူ ကေပေါ့ပ် UNIQ အဖွဲ့ဝင်များ ဖြစ်ခဲ့ကြသည့် ရီရှန်း၊ ဝီနမ်တို့ကို လန်းဆန်းတက်ကြွသော ပုံရိပ်များနှင့် ပြန်လည်တွေ့ဆုံနေကြပုံကိုပါ မြင်ကြရသည်။

ဝမ်ရိဘိုက Yuehua Family 15th Annual Meeting ကော်ဇောနီပေါ်သို့ ၂၀၁၈ ခုနှစ်မှစတင် တက်ရောက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် စပိုက်ဒါမန်းဖက်ရှင်၊ ၂၀၂၁ ခုနှစ်တွင် တီရှပ်နှင့်ဝတ်စုံပြည့်ဖက်ရှင်၊ ၂၀၂၃ ခုနှစ်တွင် မီးခိုးရောင်ဖျော့ဖျော့ ရက်ပ်ပါဖက်ရှင်နှင့် ၂၀၂၄ ခုနှစ်တွင် ဖက်ရှင်သစ်ဗင်းနစ်ဗီဂါဖက်ရှင်နှင့် တက်ရောက်လာခဲ့သည်။ SKY

## Jisoo ထူးဆန်းသောအကြောင်းတရားရှိ

ဘလက်ပင့်ခ်အဖွဲ့ခေါင်းဆောင် ဂျီဆိုသည် လှပချောမော၍ ဂီတစွမ်းရည်ရှိပြီး ပျော်ရွှင်စွာနေတတ်ကာ ထူးဆန်းသော အကြောင်းတရားရှိသူဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဆိုသည် ၁၉၉၅ ခုနှစ်ဖွားဖြစ်၍ တောင်ကိုရီးယားနိုင်ငံ ဂွန်ပိုမြို့မှ ဆင်းသက်လာသည်ဟု ဆိုပါသည် — 



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အောက်တိုဘာ ရုပ်မြင်သံကြားစကားစစ်ထိုးပွဲကို ရီပတ်ဘလီကန်သမ္မတလောင်း ထရမ့်ဘက်က ငြင်းဆို




**ဝါရှင်တန် စက်တင်ဘာ ၂၂**

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ရီပတ်ဘလီကန်သမ္မတလောင်း ထရမ့်အနေဖြင့် ဂျိုးဘိုင်ဒင်နှင့် တစ်ကြိမ်၊ ကာမာလာဟဲရစ်နှင့် တစ်ကြိမ် ရုပ်မြင်သံကြားမှတစ်ဆင့် စကားစစ်ထိုးခဲ့ပြီးဖြစ်သည်။

ဒီမိုကရက်တစ်နိုင်ငံရေးအင်အားစုများက ထရမ့်ကို ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် လွှဲအပ်ခံရသည့် ကာမာလာဟဲရစ်နှင့် ဒုတိယအကြိမ် စကားစစ်ထိုးရန် လိုလားနေကြသည်။

စက်တင်ဘာ ၁၀ ရက် စကားစစ်ထိုးပွဲအပြီးတွင် ဒေါ်နယ်လ်ထရမ့်က နောက်တစ်ကြိမ် စကားစစ်ထိုးမည်မဟုတ်ဟု ငြင်းထားခဲ့ပြီးဖြစ်သည်။

ထိုသို့ ငြင်းပြီးနောက်ပိုင်းတွင် စီအင်န်အင်န်ရုပ်မြင်သံကြားဌာနက အောက်တိုဘာ ၂၃ ရက်၌ ထရမ့်-ကာမာလာ ဒုတိယအကြိမ် စကားစစ်ထိုးပွဲကို လက်ခံပြုလုပ်ပေးမည်ဟု ကမ်းလှမ်းခဲ့သည်။

ထိုကမ်းလှမ်းချက်ကို ကာမာလာဟဲရစ်က လက်ခံသော်လည်း အလွန်နောက်ကျနေပြီဟု အကြောင်းပြကာ ထရမ့်က မဲဆွယ်စည်းရုံးပွဲတစ်ခုတွင် အတိအလင်း ငြင်းဆိုခဲ့ကြောင်း သိရသည်။

**Mon**

## တရုတ်နိုင်ငံ၌ ဩဂုတ်လတွင် အလုပ်လက်မဲ့ဦးရေ ရာခိုင်နှုန်းမြင့်တက်လာ

**ပေကျင်း စက်တင်ဘာ ၂၂**

တရုတ်နိုင်ငံ၌ လွန်ခဲ့သော ဩဂုတ်လက အလုပ်လက်မဲ့ဦးရေသည် ယခင်နှစ်များကထက် များပြားကာ ၁၈ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်ရောက်ရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက် ၁၆ နှစ်မှ ၂၄ နှစ်အကြား ကျောင်းမတက်သော လူငယ်လူရွယ်များ၏ အလုပ်လက်မဲ့ဖြစ်မှုပမာဏသည် ဇူလိုင်လက ၁၇ ဒသမ ၁ ရာခိုင်နှုန်းရှိနေပြီဟု တရုတ်အမျိုးသားစာရင်းအင်းဌာနက ထွက်ချက်ဖော်ပြသည်။

ဇွန်လတွင် တရုတ်တက္ကသိုလ်ကောလိပ်များမှ ဘွဲ့ရခဲ့သော ကျောင်းသား၊ ကျောင်းသူပေါင်း ၁၂ သန်းနီးပါးရှိခဲ့သည်။

ယနေ့ခေတ် တရုတ်လူငယ်များ၏ အလုပ်လက်မဲ့ပြဿနာကို ဦးစားပေးဖြေရှင်းသွားသင့်သည်ဟု မေလကတည်းက သမ္မတရှီကျင့်ဖျင် တိုက်တွန်းပြောကြားခဲ့သော်လည်း စင်စစ်တွင် ဇူလိုင်လအတွင်း အလုပ်လက်မဲ့ဦးရေ စတင်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

အသက် ၂၅ နှစ်မှ ၂၉ နှစ်အထိ အလုပ်လက်မဲ့ဦးရေသည် ဩဂုတ်လအတွင်း ၆ ဒသမ ၉ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ **Mon**



မုန်တိုင်းမိုးသည်းထန်ပြီးနောက် ရေကြီးသဖြင့် ဂျပန်နိုင်ငံမြောက်ပိုင်း အိရှိကာဝဒေသတွင် ပျက်စီးခဲ့သည့် လူနေအိမ်များကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ **Mon**



## ဝန်ကြီးချုပ် မီချဲဘာနီယာ ဦးဆောင်သော အစိုးရအဖွဲ့ကို ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန် မိတ်ဆက်ပေး


**ပဲရစ် စက်တင်ဘာ ၂၂**

ဝန်ကြီးချုပ် မီးချဲဘာနီယာ ဦးဆောင်သော အစိုးရအဖွဲ့ကို ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန် စက်တင်ဘာ ၂၁ ရက်က မိတ်ဆက်ပေးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကြားဖြတ်ပြင်သစ်အထွေထွေရွေးကောက်ပွဲအပြီး သုံးလနီးပါးကြာမှ ယင်းအစိုးရအဖွဲ့သစ် ပေါ်ထွက်လာခြင်းဖြစ်သည်။

အဆိုပါရွေးကောက်ပွဲရလဒ်အရ လက်ဝဲပါတီများက ဦးဆောင်ကာ အစိုးရဖွဲ့မည်ကို မလိုလားသဖြင့် သမ္မတ အီမန်နျူယယ်မာခရွန်က လက်ယာဝါဒီ မီချဲဘာနီယာကို ဝန်ကြီးချုပ် ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**





## လက်ဝဲဝါဒီ အနူရာကုမာရဒိဿနာယကေ သီရိလင်္ကာသမ္မတရွေးကောက်ပွဲ၌ အနိုင်ရ

**ကိုလံဘို စက်တင်ဘာ ၂၂**

လက်ဝဲဝါဒီ အနူရာကုမာရဒိဿနာယကေ သီရိလင်္ကာသမ္မတရွေးကောက်ပွဲ၌ အနိုင်ရသွားပြီဟု စက်တင်ဘာ ၂၂ ရက်တွင် ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၅၅ နှစ်အရွယ် အနူရာကုမာရဒိဿနာယကေ အနေဖြင့် ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ အိုင်တီနည်းပညာတိုးတက်ရေးတို့နှင့်ပတ်သက်၍ ရွေးကောက်ပွဲ၌ ကတိများပေးခဲ့သည်။

အဆိုပါသီရိလင်္ကာသမ္မတရွေးကောက်ပွဲအတွက် ပထမအကြော့မဲပေးရာတွင် မည်သည့်သမ္မတလောင်းမျှ ထောက်ခံမဲ ၅၀ ရာခိုင်နှုန်းပြည့်အောင် မရခဲ့သဖြင့် ဒုတိယအကြော့ ယှဉ်ပြိုင်အရွေးခံခဲ့ရသည်။

ပထမအကြော့တွင် အနူရာကုမာရဒိဿနာယကေ ထောက်ခံမဲ ၄၂ ဒသမ ၃၁ ရာခိုင်နှုန်းသာ ရရှိခဲ့ပြီး အတိုက်အခံသမ္မတလောင်း ဆာဂျစ်ပရေမာဒါဆာက ထောက်ခံမဲ ၃၂ ဒသမ ၇၆ ရာခိုင်နှုန်းရရှိခဲ့သည်။

သမ္မတဖြစ်လာမည့် အနူရာကုမာရဒိဿနာယကေ အနေဖြင့် သီရိလင်္ကာနိုင်ငံကို ဆင်းရဲတွင်းထဲမှ ဆွဲထုတ်ကာ အမျိုးသားစီးပွားရေးပုံမှန်လည်ပတ်လာနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## ဆီနာလိုဒေသ အကြမ်းဖက်မှုများနှင့်ပတ်သက်၍ မက္ကဆီကိုသမ္မတက အမေရိကန်အစိုးရကို ပြစ်တင်

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၂**

မက္ကဆီကိုနိုင်ငံ ဆီနာလိုဒေသတွင် အကြမ်းဖက်မှုများ ဆက်တိုက်ဖြစ်ပွားကာ ရက်သတ္တနှစ်ပတ်အတွင်း လူပေါင်း ဒါဇင်နှင့်ချီ၍ သေဆုံးခဲ့ရသည်။

အဆိုပါအကြမ်းဖက်မှုများနှင့်ပတ်သက်၍ မက္ကဆီကိုသမ္မတ လိုပက်ဇ်အိုဘရာဒေါ်က အမေရိကန်အစိုးရကို ပြစ်တင်ဝေဖန်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မက္ကဆီကိုအခြေစိုက် မူးယစ်ရာဇာများကို အမေရိကန်အစိုးရက ဖမ်းဆီးအရေးယူခဲ့ပြီးနောက် မူးယစ်ဆေးဝါးဂိုဏ်းသားများက အကြမ်းဖက်မှုများ ကျူးလွန်နေကြခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀



## ကာလီဖိုးနီးယားပြည်နယ်မီးသတ်ဌာနမှ အင်ဂျင်နီယာ တောမီးရှို့မှုသံသယရှိသူအဖြစ် ဖမ်းဆီးခြင်းခံထားရ

**ဝါရှင်တန် စက်တင်ဘာ ၂၂**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်မီးသတ်ဌာနမှ အင်ဂျင်နီယာတစ်ဦးဖြစ်သူ ရောဘတ်ဟာနန်းဒက်ဇ်သည် တောမီးရှို့မှုသံသယရှိသူအဖြစ် မကြာသေးမီက ဖမ်းဆီးခြင်းခံထားရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၃၈ နှစ်အရွယ် မီးသတ်ကိရိယာဆိုင်ရာ အင်ဂျင်နီယာ ရောဘတ်ဟာနန်းဒက်ဇ် အနေဖြင့် ဩဂုတ် ၁၅ နှင့် စက်တင်ဘာ ၁၄ ရက်အကြားတွင် ကာလီဖိုးနီးယားပြည်နယ်မြောက်ပိုင်း နယ်မြေသုံးခုအတွင်း တောမီးရှို့မှု ငါးမှု ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။



ပြည်နယ်အတွင်း တောက်လောင်နေသော တောမီးကို ငြိမ်းသတ်နိုင်ရန် မိမိတို့မီးသတ်ဌာနမှ အမျိုးသား၊ အမျိုးသမီး ဝန်ထမ်းပေါင်း ၁၂၀၀၀ ခန့် မနားမနေ တာဝန်ထမ်းဆောင်နေချိန်တွင် မိမိတို့၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးက တောမီးရှို့မှုကျူးလွန်သည်ဆိုသဖြင့် အလွန်အံ့ဩမိကြောင်း ပြည်နယ်မီးသတ်ဌာနမှူး ဂျိုးတိုင်လာက ထုတ်ဖော်ပြောကြားသည်။

ယင်းအဓိကသံသယရှိသူ အင်ဂျင်နီယာ ရောဘတ်ဟာနန်းဒက်ဇ်ကို စက်တင်ဘာ ၂၄ ရက်တွင် ကာလီဖိုးနီးယားပြည်နယ်တရားရုံး၌ ရုံးထုတ်စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

**Mon**



# မုံရွာမြို့ မီးပွိုင့် (၁၀)ခု ပြုပြင်ထား၍ ပြန်လည်အသက်ဝင်လာ

**မုံရွာ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၏ အဓိကလမ်းမကြီးလမ်းဆုံများတွင် တပ်ဆင်ထားသော မီးပွိုင့်၁၀ခုကိုပြန်လည်ပြုပြင်လိုက်သည့်အတွက် ပြန်လည်အသက်ဝင်လာပြီ ဖြစ်သည်။**(ခဲပုံ)**

"ကာလအတော်ကြာ မီးပွိုင့်တွေရပ်နေရာက စက်တင်ဘာလဆန်းပိုင်းကစပြီး ပြန်အလုပ်လုပ်လာတာတွေ့ရတယ်။ မီးပွိုင့်တွေ အလုပ်မလုပ်ခင်ကျောက်ကာလမ်းနဲ့ ပြည်ထောင်စုလမ်းဆုံလို အဓိကနေရာကြီးမှာ ယာဉ်ထိန်းရဲရဲ့ရဲတပ်ဖွဲ့ဝင်တွေပူးပေါင်းပြီး ယာဉ်ကြောရှင်းပေးကြတာတွေ့ရတယ်" ဟု မုံရွာမြို့ခံ ဆိုင်ကယ်စီးသူက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ လမ်းညွှန်ပံ့ပိုးပေးမှုဖြင့် အမှတ်(၁၇)ယာဉ်ထိန်း ဒုတပ်ဖွဲ့ခွဲ (စစ်ကိုင်း)၊ မုံရွာမြို့နယ်စည်ပင်နှင့် မြို့နယ်လျှပ်စစ်ဌာနတို့ ပူးပေါင်းပြီး မုံရွာမြို့ပေါ်အတွင်း သွားလာနေသော ပြည်သူများအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးကို အထူးအလေးထား၍ မီးပွိုင့်(၁၀)ခုအား ပြုပြင်ခြင်းနှင့် ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ နေ့ချင်းပြီး စနစ်တကျ တပ်ဆင်ဆောင်ရွက်နိုင်ခဲ့သည်။

မီးပွိုင့်များ ပြုပြင်ခြင်းနှင့် ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက မုံရွာမြို့ပေါ်ရှိ တမာတန်းမီးပွိုင့်ပြင်ဆင်ပြီး Solar System တပ်ဆင်ခြင်း၊ ကျောက်ကာမီးပွိုင့်၊ ဇောတိကမီးပွိုင့်၊ ရေစင်မီးပွိုင့်၊ သာစည်မီးပွိုင့်၊ ထန်းတောမီးပွိုင့်၊ ရန်ကင်း မီးပွိုင့်၊ ရေကူးကန်မီးပွိုင့်၊ မြို့လယ် မီးပွိုင့်၊ မြို့ပတ်လမ်း ဘဏ်မီးပွိုင့်တို့အား Solar System တပ်ဆင်ခြင်းနှင့် မီးပွိုင့်ပြင်ဆင်ခြင်းတို့ကို နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

"မုံရွာမြို့ကလမ်းတွေသွားရတာ ကြည့်သွားနေရတာကြာပြီ။ အခုလိုမီးပွိုင့်တွေ ပြန်အလုပ်လုပ်တာတွေ့ရတော့ သွားလာရတာ အန္တရာယ်ကင်းတာပေါ့။ အဓိကလမ်းဆုံတွေမှာ မီးပွိုင့်အလုပ်မလုပ်ရင် သူ့ထက်ငါအလုအယက်မောင်းနှင်တာတွေကြုံခဲ့ရပါတယ်" ဟု ကလေးထိန်းကျောင်း အကြိုအပို့လုပ်ရသူ မိခင်တစ်ဦးက ပြောသည်။

မီးပွိုင့်၁၀ခု အလုပ် လုပ်နေသောကြောင့် ယာဉ်အန္တရာယ်မှ ဘေးရန်ကင်းရှင်းစွာဖြင့် အလွယ်တကူသွားလာနိုင်ပြီး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ စနစ်တကျ ဖြတ်သန်းသွားလာနိုင်နေပြီဖြစ်သည်။ **(၃၉၄)**

# အမြို့မြို့ အနယ်နယ်မှ သတင်းများ

## ရွှေဘိုမြို့ သက်ကယ်တန်းရပ်ကွက်တွင် မီးလောင်မှု ဖြစ်ပွား

**ရွှေဘို စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊အမှတ်(၃)ရပ်၊သက်ကယ်တန်းရပ်ကွက်တွင် စက်တင်ဘာ ၂၀ရက် နံနက် ၇နာရီ ၄၄ မိနစ်က နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားသည်။

မီးလောင်ရာသို့ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ၃စီး၊ ရေသယ်ယာဉ်၃စီး၊ အရန်မီးသတ်ရေသယ်ယာဉ်များဖြင့် ထွက်ခွာငြိမ်းသတ်ခဲ့ရာ နံနက် ၈နာရီ ၅မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်ရသည့်အကြောင်းရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးအသေးစိတ်ကို ဆက်လက်စိစစ်တွက်ချက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၃၉၄)**

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ရွှေဘို စက်တင်ဘာ ၂၂**

လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောက်ရွက်နေစဉ် ရွှေဘိုမြို့ အမှတ်(၇)ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ရောင်းချသုံးစွဲသူ အမျိုးသား၊ အမျိုးသမီးနှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ရက် မွန်းလွဲ ၃နာရီခွဲက လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အမှတ်(၇)ရပ်ကွက်၊ အောင်မြေဘုရားဝင်းအနီးတွင် မော်တော်ယာဉ်များအား ပိတ်ဆို့စစ်ဆေးနေစဉ် အောင်သူနှင့် မာမာခိုင်ဆိုသူတို့အား ပလတ်စတစ် အပြာရောင်ကပ်ခွာအိတ်များဖြင့်ထည့်လျက် လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ပါ အထုပ် ၂၀၊ စုစုပေါင်းဆေးပြား ၃၈၀၀ သိမ်းဆည်းရမိသဖြင့် အရေးယူခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ အောင်သူနှင့် မာမာခိုင်ဆိုသူတို့အား ရွှေဘိုမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၀၅၇)**

၀-၀-၀-၀-၀-၀



## ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၈ ရက် နံနက် ၁၀နာရီ မိနစ် ၂၀က သတင်းအရ သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ တော်အမ်း(၁)ကျေးရွာအနီး ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းတွင် အားရှင်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်းသို့ဝှက်သယ်ဆောင်လာသော ဘိန်းစိမ်း အလေးချိန် ၅ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်း ၁လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အားရှင်(၂၈)နှစ်ဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အိုက်စ်(မက်သ်အဖက်တမင်း)၁၅၀ကီလိုနှင့် ကက်တမင်း ၃၀ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၇နာရီခွဲက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်၊ နားခေါကျေးရွာအနီးတွင် မိုင်းပျဉ်းမှမိုင်းပုအွန့်ဘက်သို့ စိုင်းဦးပေတဆိုသူမောင်းနှင်ပြီး မနန်းရှန်အွမ်နှင့် စိုင်းကော်ဆိုသူတို့ လိုက်ပါလာသည့် TOYOTA SUCCEED မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၁၀၀ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၈ နာရီ မိုင်းပျဉ်းမြို့နယ်၊ ယမ်းမိုင်ကျေးရွာရှိ အိုက်ဝန်းဆိုသူ၏ နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၅၀ကီလိုနှင့် ကက်တမင်း၃၀ကီလို ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် အိုက်စ် (မက်သ်အဖက်တမင်း) ၁၅၀ကီလို နှင့် ကက်တမင်း ၃၀ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများအား ကျိုင်းတုံမြို့နယ်မှ မိုင်းဖြတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၄င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(ခဲပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပ

**ရွှေဘို စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်ဝင်းနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်အေးမြမွန်တို့က မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ကလေးသူငယ်အခွင့်အရေးများ ပိုမိုရရှိစေရေးအတွက် ကလေးသူငယ်ဆိုင်ရာ ဥပဒေများပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ကလေးသူငယ်အခွင့်အရေးနှင့် သက်ဆိုင်သည့်ဥပဒေ၊ နည်းဥပဒေ၊ ပြစ်ဒဏ်များကို ဒေသခံပြည်သူများ ကလေးသူငယ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိရေး အသိပညာပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကလေးအလုပ်သမားများ တဖြည်းဖြည်းလျော့နည်းပပျောက်ရေး ဝိုင်းဝန်းလက်တွဲပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် လူ့အခွင့်အရေး အဓိပ္ပာယ်၊ လူ့အခွင့်အရေးတွင် ပါဝင်သည့်အချက်များ၊ ကလေး၏ အဓိပ္ပာယ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်မှ သိသင့်သိထိုက်သည့်အခွင့်အရေးများ၊ အလုပ်ရှင်များအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးများအတွက် ဆောင်ရွက်ပေးသည့်လုပ်ငန်းများ ထောက်ပံ့ပေးနေမှုများ စသည်တို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အမရပူရမြို့နယ်တွင် တောင်သမန်ဘိုးဘိုးကြီးနတ်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာအုပ်စုတွင် တောင်သမန်ဘိုးဘိုးကြီးနတ်ပွဲကို နှစ်စဉ် တော်သလင်းလပြည့်ကျော် ၂ ရက်နေ့သတွင် နတ်ကြီးပင့်အခမ်းအနား ပြုလုပ်ပြီး ၃ ရက်မှ ၁၀ ရက်ထိ ကျင်းပလေ့ရှိရာ စက်တင်ဘာ ၂၀ရက်မှ စတင်၍ စည်ကားသိုက်မြိုက်စွာဖြင့် ရိုးရာမပျက် စတင်ကျင်းပနေပြီ ဖြစ်သည်။



တော်သလင်းလပြည့်ကျော် ၃ ရက် စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် တောင်သမန်ကျေးရွာအတွင်းရှိ နတ်နန်းရှိ တောင်သမန်ဘိုးဘိုးကြီးရုပ်တုကို သယ်ဆောင်၍ ချိုးရေတော်သုံး အခမ်းအနားအဖြစ် တောင်သမန်အင်းအတွင်းသို့ ဖောင်တော်ဖြင့် ပင့်ဆောင်သည်ဟု ဒေသခံတစ်ဦးက ပြောသည်။

"လပြည့်ကျော် ၄ ရက်ကနေ ၈ ရက်ထိ နတ်ချော့ပွဲ၊ တက်ပွဲရှိတယ်။ ၉ ရက်နေ့မှာ ကိုးမြို့ရှင် စစ်ထွက်ပွဲ၊ ၁၀ ရက်မှာ ထိန်ခုတ်နဲ့ ထန်းချိုင်ပွဲ ကျင်းပတယ်။ ပွဲဈေးတန်းထဲမှာ အုန်းငှက်ပျော၊ ပန်းရောင်းသူတွေ၊ မြန်မာ့ရိုးရာမုန့်ရောင်းသူတွေနဲ့ ဒီနှစ်မှာလည်း ဖောင်တော်ပေါ်ပင့်တဲ့အချိန်နဲ့ ပြန်ဆိုက်လာတဲ့အခါ ကမ်းပေါ်က ကြို့တဲ့သူတွေနဲ့ ဖောင်ဆွဲတာရယ် ပင့်တဲ့အခါ လိုက်ပါကြတဲ့ ငှက်လှေတွေရော စည်ကားပြီး နောက်ရက်တွေမှာ ဒီ့နေ့ထက် ပိုစည်မယ်"ဟု ၎င်းကပြောသည်။

ပထမရက်တွင် နတ်ပင့်ဖောင်တော်ကို နီးစပ်ရာရွာများရှိ ဒေသခံများက ၎င်းတို့ငှက်လှေများဖြင့် ဖောင်ဆွဲကာ တောင်သမန်အင်း အလယ်လောက်တွင်ရှိသော တောင်သမန်ဘိုးဘိုးကြီး သက်ပျောက်တိုင်သို့ ဦးစွာဦးတိုက်ကြောင်း၊ ၎င်းနေရာပြီးလျှင် ရွာသစ်ရွာရှိ နတ်နန်းသို့ ဆက်လက်ပင့်ဆောင်ကာ ဦးတိုက်ခြင်းနှင့် နတ်ချော့ခြင်းများပြုလုပ်ပြီး မူလနတ်နန်းရှိရာသို့ ပြန်လည်ပင့်ဆောင်၍ နတ်ရိုးရာအစဉ်အလာအတိုင်း ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ပွဲတော်တွင် တောင်သမန်ဘိုးဘိုးကြီးကို ယုံကြည်သူများက လာရောက်၍ ပန်းဆက်ခြင်းနှင့် နတ်ထိုးစံများ ဆောင်ရွက်လေ့ရှိကြပြီး ယခုကဲ့သို့ ကျင်းပခြင်းဖြင့် ဆန်ရေစပါးပေါ်များ၍ လိုရာဆန္ဒပြည့်ဝသည်ဟု အယူအဆရှိကြောင်း၊ ယင်းပတ်ဝန်းကျင်ရှိ တောင်သမန်၊ ဆီမီးထွန်း၊ အိုးဘို၊ ရွာသစ်၊ နွားနို့စု၊ ကြွက်နချောင်၊ သရက်တန်း၊ အမရပူရမှ တရုတ်တန်းရပ်ကွက်မှ နှစ်စဉ်ဖောင်တော်ဆွဲကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မန္တလေးနေ့စဉ်-၉**



# မန္တလေးနားမကြားသော ကလေးများကျောင်း (၄၃)နှစ်မြောက် ကျောင်းနှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မန္တလေးနားမကြားသော ကလေးများကျောင်း (၄၃)နှစ်မြောက်ကျောင်း နှစ်ပတ်လည်နေ့ အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စစ်ကိုင်း-မန္တလေးလမ်းခွဲရှိ အဆိုပါ ကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးသက်လှိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးက မန္တလေးနားမကြားသော ကလေးများကျောင်း၏ နှစ်ပတ်လည် သင်ကြားပေးမှုများ၊ ကလေးများဘက်စုံဖွံ့ဖြိုးရေး ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နားမကြားသော ကလေးများကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကာလ၊ ဉာဏ်ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၄၅)**

# မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေး)နှင့် မြို့တော်ဆေးရုံမှ အထူးကုဆရာဝန်ကြီးများဖြင့် မြစ်သားမြို့နယ်တွင် (အခမဲ့) နယ်လှည့်ကွင်းဆင်း ကျန်းမာရေးကုသဆောင်ရွက်

**မြစ်သား စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေး)နှင့် မြို့တော်ဆေးရုံမှ အထူးကုဆရာဝန်ကြီး ၁၀ ဦးဖြင့် (အခမဲ့) နယ်လှည့်ကွင်းဆင်း၍ ရေဘေးဒဏ်ခံစားနေရသော ပြည်သူများအတွက် ကျန်းမာရေးကုသ ဆောင်ရွက်ပေးခြင်းကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်(လုပ်အားကြေးမဲ့)ခန်းမ၌ လာရောက်ကုသပေးလျက်ရှိသည်။

အဆိုပါ ကွင်းဆင်းကုသဆောင်ရွက်ပေးရာတွင် အထွေထွေရောဂါအထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ သားဖွား၊ မီးယပ်အထူးကုဆရာဝန်ကြီးများ၊ အရေပြားရောဂါ အထူးကုဆရာဝန်ကြီးများ၊ နှလုံးရောဂါအထူးကုဆရာဝန်ကြီးများနှင့်အထွေထွေသမားတော် အထူးကုဆရာဝန်ကြီးများလာရောက်၍(အခမဲ့)ကုသပေးလျက်ရှိရာ မြစ်သားမြို့ပေါ်ရှိ ရပ်ကွက်ကြီး(၆)ရပ်ကွက်၊ ကူမဲမြို့ရှိ ရပ်ကွက်ကြီး(၅)ရပ်ကွက်နှင့်အနီးဝန်းကျင်ရှိ ကျေးရွာနေဒေသခံပြည်သူများမှ လာရောက်ပြီး ကျန်းမာရေးစစ်ဆေးကုသမှု ခံယူခဲ့သည်။

နယ်လှည့်ကွင်းဆင်းဆောင်ရွက်ကုသပေးခြင်းကို မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေး)နှင့် မြို့တော်ဆေးရုံမှ အထူးကုဆရာဝန်ကြီး ၁၀ဦးနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းကြက်ခြေနီကြီးကြပ်ရေးမှူးကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့် အဖွဲ့ဝင်များ၊ မြစ်သားမြို့နယ်ကြက်ခြေနီစေတနာလုပ်အားရှင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ရေဘေးဒဏ်ခံစားနေရသော ပြည်သူများအတွက် နံနက် ၉နာရီမှ ညနေ ၃ နာရီအထိ ကုသပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ယာပုံ)မြို့နယ်(ပြန်/ဆက်)**



# တံတားဦးမြို့နယ်တွင် သဘာဝဘေးကြောင့် စိုက်ပျိုးထားသည့် မိုးသီးနှံများ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားပြီး ပျက်စီး

**တံတားဦး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် သဘာဝဘေးကြောင့် ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးထားသည့် မိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုရှိကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ရေကြီးနစ်မြုပ်ခဲ့ခြင်းကြောင့် အချို့လယ်ယာမြေများပေါ်တွင် နုန်းမြေများစွာ တင်ကျန်နေခြင်းများ ဖြစ်ပေါ်လျက်ရှိရာ မြေယာပြုပြင်မှုများ ပြုလုပ်ရန် လိုအပ်သည့်အတွက် အောက်တိုဘာလတွင် စိုက်ပျိုးနိုင်ခြင်း မရှိသော်လည်း နိုဝင်ဘာလအတွင်း ဆောင်းသီးနှံ အစားထိုးစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ထိုရေနစ်မှုကြောင့် တံတားဦးမြို့နယ်တွင် သဲမောင်းကန်ကျေးရွာတွင် ကွင်းပေါင်း၄ကွင်း၌ တောင်သူ၇၆ ဦး၏ ယာမြေ ၁၆၂ ဧက၊ ကန်ချောကျေးရွာတွင် ကွင်းပေါင်း ၆ကွင်း၌ တောင်သူ ၄၀၉ ဦး၏ လယ်မြေ ၁၂၀ ဧက၊ ယာမြေ ၁၁၈၆ ဧက၊ သားများဘကျေးရွာတွင် ကွင်းပေါင်း ၂ကွင်း၌ တောင်သူ ၂၉၆ ဦး၏ ယာမြေ ၇၈၁ဧက၊ ရွှေမိုးမြေကျေးရွာတွင် ကွင်းပေါင်း ၃ ကွင်း၌ တောင်သူ ၁၄၉ ဦး၏ လယ်မြေ ၉၇ဧက၊ ယာမြေ ၃၃၁ဧက၊ ထန်းလုံးတပ်ကျေးရွာတွင် ကွင်းပေါင်း ၃ ကွင်း၌ တောင်သူ ၁၈၅ဦး၏ ယာမြေ ၄၈၁ ဧက၊ အောင်သာကျေးရွာတွင် ကွင်းပေါင်းတစ်ကွင်း၌ တောင်သူ ၁၃၅ ဦး၏ ယာမြေ ၃၆၁ ဧက ပျက်စီးကြောင်း မြို့နယ်မြေစာရင်း ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးထံမှ သိရသည် ။

**(၄၀၉)**

**အသက်သည် သွေး**
**သွေးသည် အသက်**

# ရေဘေးသင့်ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်



**ကျောက်ဆည် စက်တင်ဘာ ၂၂**


မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် မိုးရွာသွန်းမှုများသဖြင့် ဇော်ဂျီ၊ ပန်းလောင်၊ စမုံမြစ်များ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ မြေနိမ့်ပိုင်းကျေးရွာများ၊ လူနေအိမ်များ၊ စိုက်ခင်းများတွင် ရေဝင်နစ်မြုပ်မှုများဖြစ်ပွားခဲ့ကြောင်း သိရှိပြီး ယမန်နေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ရေဘေးသင့်ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်း ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိဦးကျော်ထွန်းဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အမှုဆောင်များ၊ ဝန်ထမ်းများ အခြေခံသမဝါယမအသင်းအမှုဆောင်များ တက်ရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းနှင့် တာဝန်ရှိသူများက ရေဘေးသင့်ခဲ့သည့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းနှစ်ဦးနှင့်မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်နှစ်ဦး၊ ဝန်ထမ်းတစ်ဦး စုစုပေါင်းငါးဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်း၊ ဆန်(၁၂)ပြည်၊ ဆီ(၁)ပိဿာ၊ ကြက်သွန်(၁)ပိဿာ၊ ဆား(၁)ပိဿာ၊ ဆပ်ပြာငါးထောင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၄၈၅)**



## ဂျွန်မက်ဂင်း တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရမည်

**လန်ဒန် စက်တင်ဘာ ၂၂**

အက်စတွန်ဗီလာအသင်း ကွင်းလယ်ကစားသမား ဂျွန်မက်ဂင်း တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူရမည် ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းက ဝုဖ်အသင်းအား သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျွန်မက်ဂင်း ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အက်စတွန်ဗီလာအသင်းအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက် (၂၉)နှစ်အရွယ်ရှိ ဂျွန်မက်ဂင်းသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၂ ပွဲ ကစားပြီး ၂၆ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(အပေါ်ပုံ)**

**(NGB)**

## 2024 Hong Kong 125 Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၃၀ရက်တွင် စတင်မည်

**ဟောင်ကောင် စက်တင်ဘာ ၂၂**

တရုတ်နိုင်ငံ၊ ဟောင်ကောင်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Hong Kong 125 Open တင်းနစ်ပြိုင်ပွဲ လာမည့် စက်တင်ဘာ ၃၀ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2024 Hong Kong 125 Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၃၀ရက်မှ အောက်တိုဘာ ၇ရက်အထိ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2024 Hong Kong 125 Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Hong Kong 125 Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှ အိမ်ရှင် တရုတ်တင်းနစ်မယ် Han Yue ဖြစ်သည်။

**(အောက်ပုံ) (NGB)**





## အီဒါဆန်အား မန်ချက်စတာစီးတီးအသင်း စာချုပ်သက်တမ်းတိုးမည်

**မန်ချက်စတာ စက်တင်ဘာ ၂၂**

မန်ချက်စတာစီးတီးအသင်းသည် အသင်း၏ အဓိကဂိုးသမားဖြစ်သူ အီဒါဆန်အား စာချုပ်သက်တမ်းတိုးသွားမည် ဖြစ်သည်။

အဆိုပါ ဂိုးသမား၏ စာချုပ်သက်တမ်းသည် လာမည့် ၂၀၂၆ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သောကြောင့် မန်ချက်စတာစီးတီးအသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ဂိုးသမား အီဒါဆန်သည် မန်ချက်စတာစီးတီး ၂၀၁၇-၂၀၁၈ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၃၈ပွဲ ကစားပြီး အကောင်းဆုံးလက်စွမ်းပြထားသည်။

မန်ချက်စတာစီးတီးအသင်း ထုတ်ပြန်ချက်တွင် "ဂိုးသမား အီဒါဆန်အား စာချုပ်သက်တမ်းတိုးသွားမှာပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ) (NGB)**

## တိုမီယာဆုအား ခေါ်ယူရန် အင်တာမီလန်အသင်း စီစဉ်

**မီလန် စက်တင်ဘာ ၂၂**

စီးရီးအေကလပ် အင်တာမီလန်အသင်းသည် အာဆင်နယ်အသင်း နောက်ခံကစားသမား တိုမီယာဆုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အာဆင်နယ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၈၃ပွဲကစားပြီး ၂ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

အာဆင်နယ်အသင်းကလည်း တိုမီယာဆုအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅သန်း ရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။




ထို့ကြောင့် အင်တာမီလန်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီ ဈေးကွက်အတွင်းတွင် အာဆင်နယ်အသင်းထံမှ တိုမီယာဆုအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## အလက်ဇန္ဒားအာနိုးလ် လီဗာပူးအသင်း ကစားသမားဘဝ ဂိုးပါဝင်ပတ်သက်မှုအကြိမ် ၁၀၀ ပြည့်မြောက်

**လီဗာပူး စက်တင်ဘာ ၂၂**

လီဗာပူးအသင်း နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ် အသင်းကစားသမားဘဝ ဂိုးပါဝင်ပတ်သက်မှု (၁၉ဂိုး+၈၁ ဂိုးဖန်တီးမှု)ပြုလုပ်ကာ အကြိမ် ၁၀၀ ပြည့်မြောက်ခဲ့သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက ဘုန်းမောက်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒီယက်ဇ်သွင်းယူခဲ့သည့် သွင်းဂိုးအား ဂိုးဖန်တီးမှု ပြုလုပ်ပေးနိုင်ခဲ့ပြီး ယခုလို ဂိုးပါဝင်ပတ်သက်မှုအကြိမ် ၁၀၀ ပြည့်မြောက်ခဲ့ခြင်း ဖြစ်သည်။

နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁၆ပွဲ ကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၅)နှစ်အရွယ်ရှိ အလက်ဇန္ဒားအာနိုးလ်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။



**(ယာပုံ)**

**(NGB)**

## တိုင်လာမာလာစီယာ ဒဏ်ရာမှ သက်သာလာသောကြောင့် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ


**မန်ချက်စတာ စက်တင်ဘာ ၂၂**

မန်ချက်စတာယူနိုက်တက်အသင်း နောက်ခံကစားသမား တိုင်လာမာလာစီယာ ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီ ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ဒဏ်ရာကြောင့် ကာလရှည်အနားယူနေရပြီး လက်ရှိအချိန်မှ ပြန်လည်သက်သာလာကာ အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနေပြီ ဖြစ်သည်။

နောက်ခံကစားသမား တိုင်လာမာလာစီယာ ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်း ခံစစ်ပိုင်းအတွက်လည်း အားတက်စရာ ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမား တိုင်လာမာလာစီယာသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၉ ပွဲ ကစားထားသည်။




**(ယာပုံ)**

**(NGB)**

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂၊၃၊၄ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၄-၉-၂၀၂၄ နံနက် ၀၁:၁၅နာရီ | (၉)အတ္တလန်တာ - ကိုမို(၁၈) (W,L,L,W) (L,D,L,D) | အတ္တလန်တာ ၂-၁ ကိုမို<br>ကိုမို ၀-၃ အတ္တလန်တာ | အတ္တလန်တာ(အိမ်) | ၁ | ၁ | - | - | ၃ | ၂ |
| | | | ကိုမို(ဧည့်) | ၃ | - | ၁ | ၂ | ၁ | ၅ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၄-၉-၂၀၂၄ နံနက် ၀၁:၃၀နာရီ | (၈)မာယော့ကာ - ဘက်တစ်(၇) (L,D,W,L,W) (D,D,L,W,W) | မာယော့ကာ ၀-၁ ဘက်တစ်<br>ဘက်တစ် ၂-၀ မာယော့ကာ | မာယော့ကာ(အိမ်) | ၄ | ၁ | ၂ | ၁ | ၃ | ၃ |
| | | | ဘက်တစ်(ဧည့်) | ၂ | - | ၁ | ၁ | - | ၂ |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၃-၉-၂၀၂၄ တနင်္လာနေ့ | ညနေ ၃:၃၀နာရီ (ရန်ကုန်ကွင်း) | (၁၂)ရှိုင် - ဟံသာဝတီ(၂) (L,L,L,L,D) (W,L,W,W,W) | ရှိုင် ၀-၁ ဟံသာဝတီ<br>ဟံသာဝတီ ၃-၂ ရှိုင် |
| ။ | ညနေ ၄:၀၀နာရီ (သုဝဏ္ဏကွင်း) | (၉) သစ္စာအားမာန် - ရန်ကုန်(၃) (W,L,D,W,L) (W,W,W,W,D) | ——— |



## ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေဆိုင်ရာ သိကောင်းစရာများဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေး၊အောင်မြေသာစံမြို့နယ်၊ ၁၆လမ်းနှင့်၈၆လမ်းထောင့်ရှိ အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းရှိ မြတ်စေတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါနှင့် ဆရာ၊ ဆရာများ၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေအကြောင်းများကိုလည်းကောင်း၊ အလယ်တန်းပြဆရာမ ဒေါ်ခင်စန်းဝင်းက ပြည်သူ့စစ်မှုထမ်းဥပဒေကိုလည်းကောင်း၊ အလယ်တန်းပြဆရာ ဦးနေစိုးက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)ကိုလည်းကောင်း အသီးသီးရှင်းလင်းဟောပြောကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိလိုသော မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၉၃)**

## ဒေါ်လာဈေးကျဆင်းမှုနှင့်အတူ ပြည်တွင်းသုံးစွဲမှု ကျဆင်းလာသောကြောင့် ဂျုံဈေးကျဆင်းလာ

**မန္တလေး စက်တင်ဘာ ၂၂**

စက်တင်ဘာလကုန်ပိုင်း ရက်များတွင် နိုင်ငံခြားငွေဈေးနှုန်း ကျဆင်းမှုနှင့်အတူ ပြည်တွင်းသုံးစွဲမှုလည်း ကျဆင်းလာသောကြောင့် မန္တလေးဈေးကွက်တွင် ဂျုံဈေးကျဆင်းလာကြောင်း ကုန်သည်များထံက သိရသည်။



ပြည်တွင်းဂျုံပေါက်ဈေးမှာ ဩဂုတ်လကုန်ပိုင်းရက်များက ဂျုံစေ့ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ ထိပေါက်ဈေးရှိခဲ့ရာမှ စက်တင်ဘာ ၂၂ ရက်တွင် ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ သာပေါက်ဈေးရှိတော့ရာ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ ခန့် ဈေးကျဆင်းသွားခြင်း ဖြစ်သည်။

လက်ရှိမှာ နိုင်ငံခြားငွေဈေး ကျဆင်းခြင်းနှင့် နိုင်ငံခြားဂျုံဈေးများလည်းကျဆင်းနေကြောင်း၊ ပြည်တွင်းမှာလည်း ဂျုံသုံးစွဲမှု လျော့ကျနေခြင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ပြည်တွင်းမှာ ဂျုံတင်ပို့မှု တန်ဆာခများ ဈေးမြင့်တက်နေသဖြင့် အဝေးသို့ တင်ပို့ရောင်းချနိုင်ခြင်း မရှိခြင်းများကြောင့် တစ်လအတွင်း ဂျုံဈေး တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ ခန့် ဈေးကျဆင်းသွားခြင်းဖြစ်ကြောင်း မန္တလေးမြို့ ဒေါင်းဂျုံစက်ပိုင်ရှင် ဦးသက်တင်က ပြောသည်။

"နိုင်ငံခြားငွေဈေးကျတော့ ပြည်ပဂျုံဈေးလည်း ကျဆင်းပါတယ်။ ပြည်တွင်းမှာလည်း ဂျုံသုံးစွဲမှုက လျော့ကျပြီး အဝယ်အေးနေတာပါ။ အဓိက လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများရှိတော့ ဒေသအစုံကို ဂျုံတင်ပို့နိုင်ခြင်းမရှိသေးပါဘူး။ တင်ပို့ရင်လည်း ကားလေးတွေနဲ့ ဂျုံတစ်အိတ်ဈေးလောက်ကို တန်ဆာခပေးရတော့ စားသုံးသူလည်း ဈေးကြီး ကုန်သည်တွေလည်း အဆင်မပြေတဲ့ အခြေအနေပါ"ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၂၂ ရက် မန္တလေးဈေးကွက်တွင် ဂျုံစေ့(တောင်ဘက်၊ ငါန်းဇွန်၊ မြို့သာ) ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀-၂၁၀၀၀၀၊ ဂျုံစေ့(မုံရွာ၊ဘုတလင်) ပိဿာ ၆၀ တစ်အိတ်လျှင်ငွေကျပ် ၂၀၀၀၀၀-၂၁၀၀၀၀၊ ဂျုံစေ့(စစ်ကိုင်း၊ ဘုတလင်၊ ရွှေဘို)ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀-၂၁၀၀၀၀၊ ဂျုံစေ့(မြင်းမူ၊မြောင်) ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀-၂၁၀၀၀၀၊ ဂျုံစေ့(ရှမ်း)ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀-၁၉၅၀၀၀၊ ဂျုံစေ့(အထွက်တိုး)ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀-၁၈၂၀၀၀၊ ဂျုံစေ့ (ပန်းဆိုင်း၊ ကြူကုတ် )ပိဿာ ၆၀ တစ်အိတ်လျှင်ငွေကျပ် ၁၈၀၀၀၀၊ ဂျုံ(AUS) တစ်ပိဿာ ငွေကျပ် ၃၇၀၀၊ ဂျုံဖွဲ တစ်ပိဿာ ငွေကျပ် ၁၂၀၀ အသီးသီးပေါက်ဈေး ရှိနေသည်။

ဂျုံသီးနှံကို ဆောင်းရာသီစိုက်သီးနှံအဖြစ် မကြာမီ စစ်ကိုင်း၊ မုံရွာ၊ မြင်းမူ၊ ရွှေဘို၊ ဆားတောင်၊ ဘုတလင်၊ ကလေး၊ ငါန်းဇွန်၊ မြို့သာ၊ သဲတော-ဝမ်းတွင်းဒေသများတွင် အများဆုံး စိုက်ပျိုးကြောင်း သိရသည်။

**ရွှေမန်း**

## မြန်မာနိုင်ငံဗဟိုဘဏ်မှ စက်သုံးဆီတင်သွင်းသူများအား အမေရိကန်ဒေါ်လာ သန်း ၃၀ ရောင်းချပေးမည်

မြန်မာနိုင်ငံဗဟိုဘဏ်မှ စက်သုံးဆီကဏ္ဍအတွက် စက်သုံးဆီတင်သွင်းသူလုပ်ငန်းရှင်များအား Fx Trading Platform နိုင်ငံခြားငွေကြေးဈေးကွက်မှတစ်ဆင့် အမေရိကန် ဒေါ်လာ သန်း ၃၀ ရောင်းချပေးသွားမည် ဖြစ်သည်။

စက်တင်ဘာ ၂၂ ရက် စက်သုံးဆီ မန္တလေးရည်ညွှန်းဈေးများအရ တစ်လီတာလျှင် 92 ဆီမှာ ၃၁၄၀ ကျပ်၊ 95 ဆီမှာ ၃၂၉၅ ကျပ်၊ ရိုးရိုးဒီဇယ်ဆီမှာ ၂၆၅၅ ကျပ်၊ ပရီမီယံဒီဇယ်ဆီမှာ ၃၃၁၅ ကျပ်တို့ဖြစ်ပြီး လက်ရှိတွင် စက်သုံးဆီ ဈေးနှုန်းတည်ငြိမ်နေသည်ဟု ဆိုသည်။

"စက်သုံးဆီကဏ္ဍအတွက် ဗဟိုဘဏ်က အမေရိကန်ဒေါ်လာ သန်း ၃၀ ရောင်းချပေးမယ်ဆိုတာ စက်တင်ဘာ ၁၂ ရက်က ကြေညာခဲ့တာပါ။ စက်သုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချရေး ကြီးကြပ်မှုကော်မတီကလည်း ရန်ကုန်အထိုင် ရည်ညွှန်းဈေး လျှော့ချသတ်မှတ်တာတွေ လုပ်ပါတယ်"ဟု မန္တလေးစက်သုံးဆီ အရောင်းဆိုင်မန်နေဂျာတစ်ဦးက ပြောသည်။



အမေရိကန်ဒေါ်လာ သန်း ၃၀ ရောင်းချပေးမည်ဟု စက်တင်ဘာ ၂၀ ရက်က ကြေညာခဲ့ခြင်းဖြစ်ပြီး ထိုနေ့က Fx Trading Platform နိုင်ငံခြားငွေကြေးဈေးကွက်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်းကျော်နှင့် ထိုင်းဘတ်ငွေ ၂ သန်းကျော်ကို ဗဟိုဘဏ်မှ ရောင်းချပေးခဲ့သည်ဟု ဆိုသည်။

ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေများကို စက်သုံးဆီကဏ္ဍနှင့် စားအုန်းဆီတင်သွင်းသည့်ကဏ္ဍများအတွက်ပြီးခဲ့သည့် ဩဂုတ်လကလည်း အမေရိကန်ဒေါ်လာ သန်း ၁၉၀ နဲ့ တရုတ်ယွမ်ငွေ ၁၉ သန်း၊ ထိုင်းဘတ်ငွေ ၇၉ သန်းရောင်းချပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

## ရေဘေးအန္တရာယ်ခံစားခဲ့ရသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့လှူဒါန်းပွဲ ကျင်းပ

**ပျော်ဘွယ် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ပညာရေးမှူးရုံးမှ ပျော်ဘွယ်မြို့နယ်အတွင်း ရေဘေးအန္တရာယ်ခံစားခဲ့ရသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့လှူဒါန်းပွဲကို စက်တင်ဘာ ၂၁ ရက်၊ နံနက် ၁၁ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ပန်းစုံ)တွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးကြည်စိန်က တိုင်းဒေသကြီးပညာရေးမှူးရုံးအနေဖြင့် မိမိတို့တိုင်းဒေသကြီးအတွင်း ရေဘေးအန္တရာယ်ခံစားခဲ့ရသည့် မြို့နယ်များအတွက် လှူဒါန်းပေးခဲ့သည့် အခြေအနေများ၊ ရေဘေးအန္တရာယ်ခံစားခဲ့ရသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စိတ်အားငယ်မှုမရှိစေရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးကြည်စိန်နှင့် တာဝန်ရှိသူများက ရေဘေးအန္တရာယ်ခံစားခဲ့ရသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ငွေကျပ် ၆၄ သိန်း၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများ၊ ဆန်၊ သောက်ရေသန့်နှင့် ရိက္ခာခြောက်များ၊ အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းရာ မြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်ခင်စန်းဦးနှင့် သက်ဆိုင်ရာကျောင်းများမှ လက်ခံရယူခဲ့ကြောင်း သိရသည်။

**(ဓာတ်ပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**

၀-၀-၀-၀-၀-၀

## လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအသိပညာပေး ဟောပြောပွဲ ကျင်းပ

**အမရပူရ စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်၁၀ နာရီခွဲက အမရပူရမြို့နယ်၊ မိကျောင်းတက်ကျေးရွာ ရွာလယ်ဘုရားဝင်း၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် လာမည့်အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည့် သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက် ကောက်ယူမည့် နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများအား ပြည်သူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းက အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းက ပြန်လည်ဖြေကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ စာတန်းပါ အသိပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များကို တက်ရောက်လာကြသည့် ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ကျေးရွာတာဝန်ရှိသူများအတွက် သန်းခေါင်စာရင်း တီရှပ်အင်္ကျီနှင့် ဦးထုပ်များပေးဝေခဲ့ကြောင်း သိရသည်။

**(၀၈၄)**



# ပွင့်ဖြူမြို့နယ်တွင် ကျေးရွာမ,တည်စီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေး

**ပွင့်ဖြူ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကုန်းဇောင်းကျေးရွာအုပ်စု၊ သူဌေးတန်းကျေးရွာ၌ (VRFP) စီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အကြီးတန်းစာရေး ဒေါ်မွန်မွန်အောင်က ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း(VRFP) ကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံကာ (VRFP)စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စီမံကိန်းလုပ်ငန်းအကြောင်းအရာများ၊ ချေးငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စီမံကိန်းမူဘောင်များနှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာမ, တည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ အသင်းသား၊ အသင်းသူဦးရေ စုစုပေါင်း ၁၅၀ ဦးအတွက် စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေကျပ် ၃၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက သူဌေးတန်းကျေးရွာ၌ ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဉ္စမအကြိမ် စီမံကိန်းချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးတင်ပြကာ စီမံကိန်းအသင်းသား၊ အသင်းသူ ၁၅၀ ဦးကို ရန်ပုံငွေ ကျပ် ၃၆ သန်းအား စနစ်တကျ ထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၄၅)

# ပြင်ဦးလွင်မြို့နယ် ညောင်နီ(အ-လ-က)ခွဲတွင် စာဖတ်ရိန်မြင့်တင်ရေး လှူငယ်ရေးရာဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၂၂**

လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ ဟောပြောပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ညောင်နီ(အ·လ·က)ခွဲတွင် ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ် ဆရာမကြီးက အဖွင့်အမှာစကားပြောကြားသည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်း ခရိုင်အဆင့် ဒုတိယဥက္ကဋ္ဌ ဒေါ်အေဇင်မေက ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်းအား မိတ်ဆက်ပေးခဲ့သည်။

ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက "အနာဂတ်ကို ပိုင်စိုးမည့်သူများ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး အဆိုပါ ဟောပြောချက်များနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်ပြီး Green Challenge Association အဖွဲ့မှ အသင်းနာယက ဦးလင်းဇော်မင်းက ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ညောင်နီ(အ·လ·က)ခွဲမှ ကျောင်းသား၊ ကျောင်းသူများအား အသိအလိမ္မာရဖွယ် သုတ၊ ရသပုံပြင်များ ဖတ်ကြားပြခြင်း၊ နံရံကပ်စာစောင်များ၊ သုတ၊ ရသစာစောင်များ ခင်းကျင်းပြသပေးသည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၁၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**သွေးသွေး(ခရိုင်ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

# စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် သြဂုတ်လထိ လုပ်ငန်းပေါင်း ၄၀၀ ကျော် မှတ်ပုံတင်ချထားပေး



**မန္တလေး စက်တင်ဘာ ၂၂**

ပြည်တွင်း၌ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ သြဂုတ်လအထိ မန္တလေးတိုင်းအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် ပုဂ္ဂလိကစက်မှုလုပ်ငန်းပေါင်း ၄၄၄ ခုကို မှတ်ပုံတင် ချထားပေးခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထိ မှတ်ပုံတင်ချထားပေးပြီးသော ပုဂ္ဂလိကစက်မှုလုပ်ငန်းပေါင်း ၄၇၆၀၉ ခုရှိပြီး ယခုဘဏ္ဍာနှစ် သြဂုတ်လထိ မန္တလေးတိုင်းဒေသကြီးအတွင်း၌ လုပ်ငန်းပေါင်း ၆၈၀၀ ကျော်ရှိကြောင်း ယင်းဌာနတာဝန်ရှိသူက ပြောသည်။

“စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေးဦးစီးဌာနအနေနဲ့ စက်မှုလုပ်ငန်းလုပ်ကိုင်ကြတဲ့ လုပ်ငန်းရှင်တွေရဲ့ စက်ရုံ အလုပ်ရုံတွေကို သွားရောက်စစ်ဆေးတယ်။ သတ်မှတ်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိစစ်ဆေးပြီး မှတ်ပုံတင်လုပ်ပေးပါတယ်။ မှတ်ပုံတင်မယ်ဆိုရင် တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာရှိတဲ့ ရုံးတွေနဲ့ ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်” ဟု ၎င်းက ပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပုဂ္ဂလိကစက်မှုလုပ်ငန်း ၂၄ မျိုးရှိရာ စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်၊ ပရိဘောဂ၊ အိမ်သုံးပစ္စည်း၊ ပုံနှိပ်ပစ္စည်း၊ ယာဉ်နှင့် ဆက်စပ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ သတ္တု(သို့မဟုတ်)ဓာတ်သတ္တု၊ သတ္တုသန့်စင်စက်နှင့် လျှပ်စစ်ပစ္စည်းစသည်တို့ပါဝင်ပြီး ယင်းလုပ်ငန်းများအတွက် မှတ်ပုံတင်ပြုလုပ်ပေးသည်။

“ခုလို မှတ်ပုံတင်ထားတဲ့ ပုဂ္ဂလိက စက်မှုလုပ်ငန်းပေါင်းက ၂၀၂၄ သြဂုတ်လထိ ၄၈၀၀၀ ရှိတဲ့အနက် ၅၀ ရာခိုင်နှုန်းက စားသောက်ကုန်လုပ်ငန်းတွေ ဖြစ်ပါတယ်။ ကျန်တာကတော့ လူသုံးကုန်ထုတ်လုပ်မှုတွေပါ။ နိုင်ငံတော်အနေနဲ့ ပုဂ္ဂလိကစက်မှုကဏ္ဍအနေနဲ့ SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိပါတယ်”ဟု ၎င်းက ပြောသည်။

မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းစုစုပေါင်း ၄၈၀၀၀ ကျော် ရှိပြီဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးတွင် လုပ်ငန်းပေါင်း ၈၀၀၀ ကျော်၊ မန္တလေးတိုင်းဒေသကြီးတွင် လုပ်ငန်းပေါင်း ၆၈၀၀ ကျော်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် လုပ်ငန်းပေါင်း ၅၇၀၀ ကျော်ဖြင့် အများဆုံးဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်-၉)**

# ပြည်ပနိုင်ငံများသို့ ငါးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၄၀ နီးပါး ရရှိထား

ပြည်ပနိုင်ငံများသို့ ယခုဘဏ္ဍာနှစ်၏ ငါးလအတွင်း ငါးမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၄၀ နီးပါးရရှိထားကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနမှသိရသည်။

ယခုဘဏ္ဍာနှစ် ၏ဧပြီလ မှ သြဂုတ်လကုန်အထိ ပြည်ပဈေးကွက်သို့ ငါးတန်ချိန် ၁၂၄၇၉၉၃ တန် တင်ပို့နိုင်ခဲ့ခြင်း ဖြစ်သည်။

ကဏ္ဍအလိုက် တင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၈၈ ဒသမ ၆၃၄ သန်းတန်ဖိုးရှိသည့် ငါးတန်ချိန် ၆၅၆၁၁ ဒသမ ၉၆ တန်နှင့် နယ်စပ်လမ်းကြောင်းမှ ဒေါ်လာ ၄၉ ဒသမ ၀၈၈ သန်းတန်ဖိုးရှိသည့် ငါးတန်ချိန် ၅၉၁၈၁ ဒသမ ၇၁၁ တန် တင်ပို့နိုင်ခဲ့ခြင်း ဖြစ်သည်။



ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူအချိန်တွင် ငါးတင်ပို့မှုအနေဖြင့် မတ်ထရစ်တန် ၅၉၈၈၅ ဒသမ ၂၃၄ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ၇၄ ဒသမ ၂၅၃ သန်းသာ ရရှိခဲ့ပြီး ယခုနှစ်တွင် ပိုမိုတင်ပို့နိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်နှင့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့နေခြင်းဖြစ်သည်။

ပြည်ပသို့မတင်ပို့သည့် ငါးများကို ပြည်တွင်းဈေးကွက်တွင်ရောင်းချပြီး နေပြည်တော် ၊ မန္တလေး ဈေးကွက်သို့ အအေးခန်းကားများဖြင့် တင်ပို့ရောင်းချလျက်ရှိသည်။

ပြည်တွင်းဈေးကွက်တွင် ငါးတန်၊ ငါးမြစ်ချင်း၊ တီလားပီယား၊ ငါးမုတ်၊ငါးကြင်းဖြူ၊ငါးမြင်း၊ငါးသလောက်၊ငါးလူး၊ ပုစွန်လတ်၊ပုစွန်ကြား၊ ကင်းမွန်အကြီးအသေး၊ ပြည်ကြီးငါး၊ ရေဘဝဲ၊ ငါးရှဉ့်၊ ငါးသလဲထိုးငါးများကို အများဆုံးဈေးကွက်အတွင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

**ရွှေမန်း**

# ရေဝင်ရောက်ခဲ့သည့် အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်း၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေ၊ မြစ်ရေများ လျှံတက်ကာ ရပ်ကွက်ကျေးရွာအချို့နှင့် အခြေခံပညာကျောင်းများတွင် ရေများဝင်ရောက်ခဲ့ပြီး စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီခွဲက ခရိုင်စီမံခန့်ခွဲရေးအဖွဲ့ဦးဆောင်မှုဖြင့် အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ကျောက်ဆည်ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တပ်နယ်၊ ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာပြည်သူများ စုပေါင်း၍ ကျောက်ဆည်မြို့နယ် ရှမ်းတောင်ဦးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဆူးကုန်းရပ်ကွက်အတွင်းရှိ အမှတ်(၆)အခြေခံပညာမူလတန်းကျောင်း၊ ညောင်းဝန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ရွှေအင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ ပနန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများတွင် စာသင်ခန်းများအတွင်း၌ ကျန်ရစ်ခဲ့သောရွှံ့နုံများ၊ အမှိုက်များအား စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၄၈၅)

## ဝတ္ထုတိုကဏ္ဍ

# ကဗျာချစ်သူ......စာချစ်သူ




(၁၆-၉-၂၀၂၄)ရက်မှ အဆက်

ကိုနေဆူးက မပန်းနုနဲ့ လက်ထပ်ပြီး အိမ်ကို ခေါ်ခဲ့ပါတယ်။ တကယ်တော့ ဒီအိမ်ဟာ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ မိဘနှစ်ပါးက ထားရစ်ခဲ့တဲ့ အမွေအိမ်ကြီးပါပဲ။ ကိုနေဆူးတို့မှာ မွေးချင်းမောင်နှမ နှစ်ဦးထဲသာရှိလို့ မိဘအမွေကို ထိန်းသိမ်းတဲ့ အနေနဲ့ မရောင်းဘဲနဲ့ သူက အပေါ်ထပ်မှာနေ၊ ညီမဖြစ်သူက အိမ်ရဲ့အောက်ထပ်မှာ နေစေခဲ့ပါတယ်။ သူ့ညီမက အိမ်ထောင်သည်ပါ။ သူ့ခင်ပွန်းက ရုံးတစ်ရုံးမှာ အလုပ်လုပ်တယ်လို့ ပြောပါတယ်။ သူတို့မှာ သမီးလေးတစ်ဦးပဲ ရှိပါတယ်။ စီးပွားရေးအနေနဲ့ကတော့ 'ကြွေးမတင် မြေမကျ' စားနိုင်သောက်နိုင်တဲ့ အဆင့်ပါပဲ။ ဒီတော့ ကိုနေဆူး အိမ်ထောင်ကျပြီဆိုတော့ နေစရာအခက်အခဲမရှိတော့ဘဲ 'ရေကန်အသင့် ကြာအသင့်' ဆိုသလို အဆင်သင့်နေနိုင်ခဲ့ပါတယ်။ ကိုနေဆူးကလည်း စာဆက်ရေးသလို မပန်းနုကလည်း သူ့ရဲ့လက်လုပ်လက်ရင်းအလုပ်ဖြစ်တဲ့ မုန့်တီ၊ ခေါက်ဆွဲဆိုင်ကို အိမ်ရှေ့မှာ ခုံတန်းရှည်ကြီးခင်း ကုလားထိုင်တွေချပြီး ရောင်းပါတယ်။ ကိုနေဆူးက နံနက်ပိုင်းမှာ ဆိုင်ခင်းပေး ဝေယျာဝစ္စလုပ်ပေးပေါ့။ မပန်းနုက ဆိုင်ထိုင်ရောင်း။ မဆိုးဘူးပြောရမှာပါ။ မပန်းနုရဲ့ လက်ရာကကောင်းတော့ စားသုံးသူတွေဟာ တစ်နေ့တခြား များများလာပါတယ်။ ပြောရရင် လက်မလည်အောင် ရောင်းရတဲ့အဆင့်ပါ။ ဒါကြောင့် သူတို့နှစ်ဦးရဲ့ စာရေးသောက်ရေး မပူရဘဲ ရပ်တည်နိုင်ခဲ့ကြပါတယ်။

ဒါပေမယ့်လည်း ရောင်းသက် လေး၊ ငါးနှစ်လောက်အကြာမှာတော့ ရောင်းအားတွေ ကျသွားပါတယ်။ အရင်က မုန့်တီ၊ ခေါက်ဆွဲ အချိန် ၁၅ ပိဿာလောက်ကုန်ရာကနေ အခုဆို မုန့်အချိန် ငါးပိဿာတောင် မကုန်ချင်တော့ပါ။ တစ်ခါတစ်ရံ မုန့်တွေမကုန်ဘဲ ပြန်သိမ်းခဲ့ရတဲ့ ရက်တွေလည်း ပါခဲ့ပါတယ်။ ဘာကြောင့်ပါလဲ။ စားသုံးသူတွေ စားရတာငြီးငွေ့ ရိုးအီသွားလို့လား။ ဈေးတက်ရောင်းလိုက်လို့များလား။ ဈေးတက်ရောင်းရတယ်ဆိုတာကလည်း မတရားအမြတ်ကြီးစားချင်လို့ မဟုတ်ပါ။ မုန့်ဖတ်၊ ခေါက်ဆွဲဖတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဆီ၊ အချိုမှုန့်၊ ပဲမှုန့်၊ နနွင်းမှုန့်၊ အရောင်တင်မှုန့်၊ မီးသွေး အစရှိတဲ့ ပစ္စည်းဈေးတွေက တစ်နေ့တခြား တက်နေလို့ပါ။ ဒါကြောင့် ရောင်းချတဲ့နေရာမှာ ဈေးနှုန်းကို မသိမသာလေး မြှင့်တင်လိုက်ရုံလေးပါ။ ဒါကြောင့်များ ရောင်းအားတွေ ကျတာလား။ မပန်းနု အမျိုးမျိုး စဉ်းစားရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မပန်းနုအနေနဲ့ ကြိုးစားပြီး ရုန်းနိုင်သလောက် ရုန်းကြည့်ပါသေးတယ်။ ဒါပေမယ့်လည်း ဘာမှ ထူးခြားမလာပါ။ ရောင်းအားက မတိုးဘဲ ကျမြဲ ကျမြဲကျနေတဲ့အတွက် နောက်ဆုံးတော့ မပန်းနုဟာ မုန့်ရောင်းခြင်းလုပ်ငန်းကို စွန့်ပစ်လိုက်ရပါတယ်။

မပန်းနုက မုန့်တီရောင်းခြင်းလုပ်ငန်းကို စွန့်လွှတ်ပြီးတဲ့နောက် ဒီအတိုင်း ထိုင်နေလို့ မရသေးပါ။ အဲဒီအချိန်မှာ မပန်းနုတို့မှာ သားလေးတစ်ယောက်ရထားနေပြီဖြစ်ပါတယ်။ သားလေးနောင်ရေးအတွက် သူအလုပ်လုပ်ဖို့ လိုနေပါတယ်။ အဲဒီမှာ သူ့ သူငယ်ချင်းတစ်ယောက်က ဈေးထဲက အထည်တွေကိုဝယ်ပြီး အရပ်ထဲမှာ ဈေးတင်ရောင်းတဲ့ အလုပ်ကိုသွားပြီး သတိရလိုက်ပါတယ်။ သူလည်း သူ့ သူငယ်ချင်း အကူအညီနဲ့ အဲဒီအလုပ်လုပ်ဖို့ စဉ်းစားမိသွားပါတယ်။ သူငယ်ချင်းဖြစ်သူကလည်း ဆရာစားမချန်ဘဲ ဈေးဝယ်ပုံဝယ်နည်း အရပ်ထဲမှာ ရောင်းပုံရောင်းနည်းတွေကို ခရေစေ့တွင်းကျ လက်ထပ်သင်ပေးရှာပါတယ်။ အဲဒီနောက်မှာ မပန်းနုလည်း အဲဒီအလုပ်ကို လုပ်ဖြစ်သွားပါတယ်။ အရပ်ထဲမှာလှည့်ပြီး အထည်တွေကို အကြွေးရောင်းပါတယ်။ ညနေပိုင်းမှာ ဝယ်ယူထားတဲ့ ပစ္စည်းပေါ်မူတည်ပြီး ငွေကောက်ရပါတယ်။

အဲဒီ အထည်ရောင်းလုပ်ငန်းကလည်း ပထမတော့ ဟုတ်သလိုလိုရှိရာကနေ နောက်ပိုင်း တဖြည်းဖြည်းနဲ့ ဝယ်တဲ့သူတွေက ငွေကို ပုံမှန်မသွင်းနိုင်ကြတော့ဘဲ အကြွေးတွေစုပုံသွားပါတယ်။ တစ်ယောက်စ၊ နှစ်ယောက်စဆိုရင် မပန်းနု နှုတ်နိုင်သော်လည်းပဲ အခုတော့ အထည်ဝယ်သူတော်တော်များများက ပြန်မဆပ်နိုင်တဲ့အတွက် အကြွေးတွေ သူ့ခေါင်းပေါ် ပုံကျလာပါတယ်။ သူဝယ်ယူတဲ့ အထည်ဆိုင်မှာလည်း အကြွေးတွေ တင်ခဲ့ရပါတယ်။ နောက်ဆုံးတော့ မပန်းနုဟာ သူကြိုးစားပေမယ့်လည်း အရာမထင်တော့တဲ့အတွက် အထည်ရောင်းလုပ်ငန်းကိုလည်း တစ်ပိုင်းတစ်ခဏနဲ့ ရပ်ဆိုင်းလိုက်ရပြန်ပါတယ်။ မပန်းနု အလုပ်ကအဆင်မပြေတော့ အိမ်ရဲ့စီးပွားရေးလည်း တစ်နေ့တခြား ယိမ်းယိုင်လာရာကနေ တည့်မတ်လို့ မရနိုင်တဲ့ အခြေအနေရောက်ခဲ့ရပါတယ်။ နောက်ပိုင်း ဒီအကျိုးဆက်တွေက ကိုနေဆူးဖက် မြှားဦးလှည့်လာပြီး တစ်ယောက်နဲ့တစ်ယောက် စကားများရာက အခုလို အိမ်ထောင်ရေးပြိုကွဲတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ ကိုနေဆူးအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှ မဝေဖန်လိုပါ။ သူ့ဖက်ကကြည့်ရင် သူမှန်သလို ကိုနေဆူးဖက်က ကြည့်ရင်လည်း မမှားဘူးလို့ ကိုနေဆူးယူဆထားပါတယ်။ လက်ဖမိုးနဲ့ လက်ဖဝါး အမြင်လိုပေါ့။

အမှန်အတိုင်းဝန်ခံရရင် မပန်းနုတို့သားအမိ အိမ်ပေါ်က ဆင်းသွားပေမယ့်လည်း သူ့ရင်ထဲမှာ လွမ်းလွမ်းသသ တတတမ်းတယ်။ ချွေးချွေးမြွေမြွေ ဆိုဆို့နင့်နင့်၊ ကြေကြေကွဲကွဲ ဝေဒနာတွေ မခံစားရပါ။ ဘာလို့လဲဆိုရပါရင် မပန်းနုရှိစဉ်တုန်းကလည်း ကိုနေဆူးနဲ့သိပ်ပြီး ဖက်လဲတကင်း မနေသလို စကားလည်း သိပ်မပြောဖြစ်ပါ။ အကြောင်းကိစ္စရှိတဲ့အခါမှသာ ပြောတာကလွဲလို့ ကျန်တဲ့အချိန်တွေမှာ မပန်းနုက သားလေးနဲ့နေသလို ကိုနေဆူးကလည်း သူ့အတွေးနဲ့သူ နေတာများပါတယ်။ လင်မယားဆိုပေမယ့်လည်း မေးတစ်ခွန်း ပြောတစ်ခွန်းနဲ့လောက်သာ နေလာခဲ့တာ။ သားလေးတစ်သက် ရှိလာပါပြီ။ ညအိပ်တဲ့အခါမှာလည်း ကိုနေဆူးအနေနဲ့ စာရေးရင်းနဲ့ အိပ်ငိုက်လာပြီး ပက်လက်ကုလားထိုင်ပေါ်မှာပဲ အိပ်ခဲ့တာများပါတယ်။ ရှိလို့ အနေနီးပြီး ဝေးနေကြလို့ ကိုနေဆူး နေသားတကျရှိနေတဲ့အတွက် မပန်းနု အခုလို မရှိတဲ့အချိန် ဆိုးဆိုးရွားရွား ဝေဒနာတွေ မခံစားရခြင်း ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ကိုနေဆူးအနေနဲ့ မပန်းနုတို့ သားအမိ အိမ်မှာမရှိပေမယ့်လည်း သူ့ရဲ့ ပုံမှန်အလုပ်ဖြစ်တဲ့ ကဗျာရေးခြင်းကိုတော့ မရပ်ပါ။ ကဗျာတွေရေးတယ်။ လက်ဖက်ရည်ဆိုင် ထိုင်တယ်။ လက်ဖက်ရည်ဆိုင်ထိုင်တယ်ဆိုတာကလည်း သူ့အစွမ်းစ မဟုတ်ပါ။ သူ့ သူငယ်ချင်းရဲ့ ကောင်းမှုကြောင့်ပါ။ သူ့ သူငယ်ချင်းကလည်း ကဗျာအတိုအထွာလေးရေးပါတယ်။ ဒါကလည်း စွဲစွဲမြဲမြဲတော့ မဟုတ်ပါ။ ရံဖန်ရံခါလောက်သာ ရေးဖြစ်သူပါ။ သူမရေးဖြစ်ပေမယ့် ကဗျာရေးတဲ့ ကိုနေဆူးကိုတော့ အားပေးသူပါ။ သူတတ်နိုင်သလောက်လည်း ထောက်ပံ့ပေးနေသူပါ။ လက်ဖက်ရည်ဆို အမြဲတမ်းတိုက်နေသူပါ။ ပြောရရင် လက်ဖက်ရည်ဟာ ကိုနေဆူးအတွက် အဓိကအစာလို ဖြစ်နေပါတယ်။ လူတော်တော်များများက ဆန်ထမင်းနဲ့ အသားဟင်းစားပြီး ဘဝမှာ ရှင်သန်နေသူတွေ ဖြစ်ကြပါတယ်။ ဒါပေမယ့်လည်း ကိုနေဆူးကတော့ ကဗျာထမင်း၊ ကဗျာဟင်းသာစားပြီး ဘဝမှာရှင်သန်နေနိုင်သူဖြစ်လို့ ထူးဆန်းတဲ့ လူတစ်ယောက်လို့ ဆိုနိုင်ပါတယ်။

ဒါကြောင့် ကိုနေဆူးအနေနဲ့ သူ့ သူငယ်ချင်းကို ထမင်းရှင်အဖြစ် အမြဲတမ်းကျေးဇူးတင်နေရပါတယ်။ နံနက် ၁၀နာရီလောက်ဆို သူ့ သူငယ်ချင်းက သူ့ကို စက်ဘီးနဲ့လာခေါ်ပါတယ်။ သူတို့ထိုင်တဲ့လက်ဖက်ရည်ဆိုင်ကလည်း သဘောကောင်းပါတယ်။ သူတို့ စာပေသမားတွေအတွက် စားပွဲခုံကို နေရာသီးသန့်ပေးထားပါတယ်။ အဲဒီမှာ ကဗျာဆရာ၊ စကားပြေဆရာ၊ အငြိမ့်၊ ဇာတ်သဘင်မှ ပညာရှင်များ၊ ဆောင်းပါးရှင်များ၊ အလှူခံစုမှ ပုဂ္ဂိုလ်တွေပါကြပါတယ်။ စာပေအကြောင်း၊ ကဗျာအကြောင်း အတွေ့အကြုံတွေဖလှယ်ကြ၊ စာအုပ်အညွှန်းတွေပေးကြနဲ့ ရင်းရင်းနှီးနှီးရှိတဲ့အပြင် စည်းလုံးမှုလည်းရှိကြပါတယ်။ သတ်သတ်မှတ်မှတ် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း မဟုတ်ပေမယ့်လည်း တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းကူညီကြပါတယ်။ ဒီသံယောဇဉ်တွေကြောင့်ပဲ ဒီလက်ဖက်ရည်ဆိုင်ကို နေထိုင်မကောင်းတဲ့အချိန်ကလွဲလို့ ကျန်တဲ့အချိန်တွေမှာ ဒီဆိုင်မှာပဲ အချိန်ကုန်ကြပါတယ်။

ကိုနေဆူးအနေနဲ့ ဒီဆိုင်မှာထိုင်ရတာ အကျိုးရှိပါတယ်။ စာရေးဖို့ အထောက်အပံ့တွေရသလို မပန်းနုတို့အကြောင်းလည်း စာပေမိတ်ဆွေဆီက တစ်ဆင့် ကြားရပါတယ်။ ကိုနေဆူးရဲ့ စာပေမိတ်ဆွေကြီးရဲ့ ရပ်ကွက်ထဲမှာ မပန်းနုတို့ သားအမိ နေထိုင်ကြောင်း၊ သားလေးရဲ့ပညာရေးအတွက် ပင်ပင်ပန်းပန်း ဈေးရောင်းနေရကြောင်း၊ ဆင်းရဲတဲ့အတွက် အရင်ရပ်ရည်မရှိတော့ကြောင်း၊ ဘဝကို အရှုံးမပေးဘဲ ကြံကြံခံရင်ဆိုင်ရုန်းကန်နေရကြောင်း စတဲ့ သတင်းတွေကို ကြားရပါတယ်။ မပန်းနုက မာနကြီးသူပါ။ အိမ်ကဆင်းသွားပြီးနောက် သူ့ရဲ့ အရိပ်အယောင်တောင်မမြင်ရအောင် ပုန်းလျှိုးနေနိုင်သူပါ။ ကိုနေဆူးဆီလာဖို့မပြောနဲ့ ခြေဦးတောင် မလှည့်တဲ့သူပါ။ မပန်းနုက ဒီလောက်ထိ ပြတ်သားသူပါ။ သူ့လိုပါပဲ ကိုနေဆူးကလည်း သူ့ကို မယုံကြည်လို့ လက်တွဲဖြုတ်ထွက်ခွာသွားသူကို ပြန်ပြီး လက်တွဲဖို့ စိတ်ကူးမရှိသူပါ။ ဒီလိုတစ်ယောက်နဲ့တစ်ယောက် မာနချင်းပြိုင်၊ အနိုင်ယူချင်တဲ့ စိတ်တွေကြောင့် အခုဆို ကိုနေဆူးနဲ့ မပန်းနုတို့ ခွဲခွာခဲ့ကြတာ နှစ်ပေါင်း ၂၀ ကျော်ခဲ့ပါပြီ။ ကိုနေဆူးနဲ့ မပန်းနုတို့ အရွယ်ရသလို သားလေးလည်း အခုဆိုဘွဲ့ရပြီး နိုင်ငံခြားမှာ အလုပ် သွားလုပ်နေပါပြီ။ သူရတဲ့ လစာထဲက တစ်လကို သူ့အမေဆီ ငွေ ၁၀သိန်း ပို့ပေးတယ်လို့ သတင်းတွေ ကြားရပါတယ်။ ကောင်းပါတယ်လေ။ ကိုနေဆူးက ဖခင်ဖြစ်ပေမယ့်လည်း ဖခင်တစ်ယောက်ရဲ့ တာဝန်မကျေခဲ့တဲ့အတွက် သူ့ကိုတော့ ထောက်ပံ့ခြင်းမရှိပါ။ ဒါကိုလည်း သူလက်ခံပါတယ်။ အပြစ်မမြင်ပါ။ မပန်းနုကသာ သူ့ဘဝ အခုလိုကောင်းစား အောင် ချီးမြှောက်ခဲ့သူဆိုတော့ သူ့အမေကို ကျေးဇူးဆပ်ခြင်းဟာ နည်းလမ်းကျပါတယ်။ ကိုနေဆူး မနာလိုမဖြစ်ပါ။ ဝမ်းမနည်းပါ။ ဒါပေမယ့်လည်း သူ့ကို ဖခင်တစ်ယောက်အဖြစ် အသိအမှတ်မပြုခြင်းကိုတော့ ကိုနေဆူး စိတ်မကောင်း ဖြစ်နေရှာပါတယ်။ အဲဒီအချိန်မှာပဲ

"အစ်ကိုကြီးရေ အောက်မှာ ဧည့်သည်ရောက်နေတယ်"

အောက်ထပ်က သူ့ ညီမလေးရဲ့အော်သံကြောင့် သူ့ အတွေးတွေရပ်ပြီး

"အေးအေး အပေါ်တက်ခဲ့လို့ ပြောလိုက်"

ခဏကြာတဲ့အခါ အိမ်ပေါ်ကိုရောက်လာသူက တခြားသူမဟုတ်ပါ။ ရေးဖော်မိတ်ဆွေကြီး ကိုသိန်းဆွေ ဖြစ်နေပါတယ်။ သူ့ကလောင်နာမည်က သစ္စာပြည့်မိုးတဲ့

"ကိုဆွေ ဘယ်ကလှည့်လာတာလဲ လာထိုင်"

ခင်ဗျားဆီပါပဲ။ ဒါနဲ့ ကဗျာဆရာကြီး မျက်နှာလည်း မကောင်းပါ့လား။ ဘာလဲ မပန်းနုအကြောင်းတွေ တွေးနေမိပြန်ပြီလား။

"ဒါပေါ့ဗျာ တစ်ခါတစ်ခါတော့ အတွေးဝင်မိတာပေါ့"။

"ကဲပါ ဆရာကိုနေဆူးရယ် အဲဒါတွေက ပြီးခဲ့ပြီလေ။ အတိတ်ဖြစ်သွားပြီ ထားခဲ့ပါတော့ ဒီနေ့ လုပ်ရမယ့်အလုပ်တွေသာ စဉ်းစားစမ်းပါ"။

"ဒီနေ့ ဘာအလုပ်ရှိလို့လဲ"။

"ဟ လက်ဖက်ရည် ဆိုင်ထိုင်မယ်၊ ကဗျာစာအုပ်ထုတ်ဖို့စီစဉ်မယ်။ဆေးရုံတက်နေတဲ့ ကျော်တို့ရေးဖော်ကြီးဆီ သွားပြီးသတင်းမေးကြမယ်လေ"

"ကောင်းသားပဲ"

ကဗျာချစ်သူစာချစ်သူ ကိုနေဆူးလည်းသူ့ရဲ့ အတိတ်တွေကို စားပွဲပေါ်ထားခဲ့လိုက်ပြီး ဒီနေ့ လုပ်ရမယ့် အလုပ်အတွက် ကိုဆွေနဲ့ အတူအိမ်မှ ခပ်သွက်သွက်လေးထွက်ခဲ့ပါတော့တယ်။

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး နယ်လှည့်ကွင်းဆင်း ဆောင်ရွက်



**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အထ ဖြစ်ပေါ်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ကြာအင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးနိုင်လင်းက အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး မိမိတို့ဘဝတိုးတက်မှုရရှိလာအောင် စာများများဖတ်ကြပါရန်၊ ကလေးငယ်များကို အတန်းပညာသာမက ပြင်ပဗဟုသုတများရရှိစေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုစေလိုကြောင်း၊ စာဖတ်ခြင်းကြောင့် ရရှိလာသော အကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို အသိပညာပေး ဟောပြောခဲ့ရာ ကြာအင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်မော်က ကျေးဇူးတင်စကား ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါး၏ အမျိုးအစားများ စသည့် အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသားလူငယ်များက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် ၂၀၂၄ ပညာသင်နှစ် ပုံမှန်သင်တန်းများ စာတွေ့၊ လက်တွေ့သင်ကြား

**မန္တလေး စက်တင်ဘာ ၂၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ၊ ၂၀၂၄ ပညာသင်နှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု (ပုံမှန်)သင်တန်း ၆ မျိုးကို အချိန်ဇယားများ ရေးဆွဲ၍ စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိသည်။

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု(ပုံမှန်)သင်တန်း ၆ မျိုးဖြစ်သော ချည်မျှင်နှင့် အထည်အလိပ် တစ်နှစ်သင်တန်း၊ ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်း၊ ချည်မျှင်နှင့် အထည်အလိပ်(ပေါင်းကူး) တစ်နှစ်သင်တန်း၊ လက်ရက်ကန်းခြောက်လသင်တန်း၊ ရိုးရာလွန်းရာကျချိတ် ခြောက်လသင်တန်း၊ ရွှေချည်ထိုး၊ ငွေချည်ထိုး သုံးလသင်တန်းတို့ဖြစ်ပြီး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၈ ဦး တက်ရောက်လျက်ရှိသည်။

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု(ပုံမှန်)သင်တန်း တက်ရောက်ခွင့်ရရှိသူများသည် ပညာအခမဲ့သင်ကြားခွင့်၊ ရေ၊ မီး၊ အပြည့်အစုံဖြင့် အဆောင်အခမဲ့ နေထိုင်ခွင့်၊ တစ်လလျှင် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၃၀၀၀၀ အကျိုးခံစားခွင့်ရရှိကြောင်း သိရသည်။ **(ယာပုံ)(ဝ၄၅)**



# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မိုင်းစံ စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့တွင် စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် မိုင်းစံမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲပြသခြင်းကို မိုင်းစံမြို့၊ ဝမ်လီ(မူလွန်)ကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယ ဦးစီးမှူး ဒေါ်ဥမ္မာထွေးက အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်များ၊ စာအုပ်၊ စာပေလူ့မိတ်ဆွေ ဆိုသည့်အတိုင်း လူတို့၏မိတ်ဆွေစစ်များမှာ စာအုပ်များပင်ဖြစ်ကြောင်း၊ ပညာကိုလိုလျှင် စာဖတ်ကြရမည်ဖြစ်ကြောင်း၊ စာအုပ်တစ်အုပ်ကို ဖတ်နေခြင်းသည် မိမိတို့အိမ်မှ ပြတင်းပေါက်တစ်ပေါက်ကို ဖွင့်ထားခြင်းနှင့်တူပါကြောင်း၊ စာဖတ်ခြင်းသည် ကျောင်းသားလူငယ်များအတွက် စာပေသင်ကြားရာတွင် အထောက်အကူဖြစ်စေရုံသာမက အထွေထွေဗဟုသုတကိုလည်း ရရှိစေနိုင်ကြောင်းနှင့်စပ်လျဉ်း၍ အသိပညာပေးပြောကြားသည်။

ထို့နောက် မိုင်းစံမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက် လက်ထောက်-၃ ဒေါ်ကေသွယ်စိုးက ကျောင်းသား၊ ကျောင်းသူများအား ရုပ်ပြစာအုပ်များ၊ ပုံပြင်စာအုပ်များပါ အသိပညာဗဟုသုတရရှိစေမည့် ခေါင်းစဉ်များကိုဖတ်ပြပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ရာ မိုင်းစံမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက ပြန်လည်ရှင်းလင်းအသိပညာပေးဟောပြောသည်။

ဆက်လက်၍ ဟောပြောပွဲအပြီးတွင် မိုင်းစံမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာဗဟုသုတကြွယ်ဝစေဖို့ စာပေအကြောင်းသိကောင်းစရာ အသိပညာပေးနံရံကပ်စာစောင်များ ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် လေ့လာဖတ်ရှုကြကြောင်း သိရသည်။



**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မန္တလာ "မိုး"

\- - - - - - - - - -

* မိုးခေါ်သည့်ဖား ---
မကြားရကြာ၊ ပေါ်မလာလည်း
အညာမန်းမှာ၊ မိုးတွေရွာလို့
မိုးခါပီသ၊ မစဲည
ရွာဆဲမှာပင်၊ ပူအိုက်စွ။

* ယခုအခါ၊ ရွာမယ့်ရွာတော့
ခုရွာသည့်မိုး၊ ဘယ်အငြိုးထင့်
မိုးကြီးသည်းလာ၊ ကြာတောင့်ကြာလို့
လမ်းမှာရေတင်၊ အိမ်ရေဝင်သည်
မြေပြင်မှန်းဆ၊ ခြေချရ
စဉ်လာထုံးစံ၊ မပျက်ပို့။

* သြော် ---
မန္တလာမိုး၊ တကယ်ငြိုးတော့
ဘယ်မိုးခေါ်ဖား၊ သံမကြားဘဲ
ဘယ်နားညှိရောင်၊ မိုးမမှောင်ဘဲ ---
တိမ်တောင်မမြင်၊ မိုးမစင်ဘဲ ---
လျင်စွာထစ်ချုန်း၊ တအုန်းအုန်းနှင့်
ရေလုံးလမ်းမှာ၊ မြင်ခွင့်သာသည်
မိုးခါပီစွ၊ မိုးစွမ်းပြ
ရွှေမန်းမန္တလာ၊ မိုးကာလ
အေးချမ်းကြစေ၊ နယ်စုံပို့
မေတ္တာဝေငှ၊ ပေးပါကြ။ ။

**မြတ်ထွဏ်းနောင်**

## သတင်းပဒေသာ

### စာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှုနိုင်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့နံနက် ၉ နာရီက ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်နေပြည်သူများထံ သွားရောက် ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်

ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးခရိုင်၊ ကျေးသီးမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စားသုံးသူရေးရာ အသိပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် သံဇလုံကျေးရွာ အ·လ·က(ခွဲ)ကျောင်းတွင် ယမန်နေ့ မွန်းလွဲပိုင်းက စားသုံးသူရေးရာ အသိပညာပေးဟောပြောရာ မြို့နယ်စားသုံးသူရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်နေလင်းက စားသုံးသူတာဝန်များ စားသုံးသူအခွင့်အရေးများနှင့် ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ ရွေးချယ်စားသောက်တတ်စေရေးနှင့် စားသောက်ကုန်ပစ္စည်းများတွင် ပါဝင်သည့် ကုန်ညွှန်း အမှတ်အသားများအကြောင်းကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုအရ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးကြပ်မှုနှင့်အတူ ရွှေဘိုခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် ဖွင့်လှစ်သည့် ကွန်ပျူတာသင်တန်း(၅/၂၀၂၄) ဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ရက် နံနက်ပိုင်းက လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် ဆင်သေချောင်း ရေများလျှံပြီး ရပ်ကွက်ကျေးရွာအချို့ ဆေးရုံ၊ စာသင်ကျောင်းများ၊ သာသနိက အဆောက်အအုံများအတွင်း ရေများဝင်ရောက်ခဲ့ပြီး ယခုအခါရေများ ပြန်လည်ကျဆင်းသွားသည့်အတွက် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရွာတော်အုပ်စု၊ ရွာသစ်ကျေးရွာရှိ အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာ အသိပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများအား ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်နှင့် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ အခြေခံပညာကျောင်းများ၌ နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က သံဇလုံကျေးရွာ(အ·လ·ကခွဲ) ကျောင်းတွင် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆရာတော်၊ သံဃာတော်များအား မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု ဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့်လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများက စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။



ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းက (၉၇)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးခြောက်ငရုတ်သီးကြော်၊ ကုလားပဲနှပ်တို့ကို ၃၆လမ်းနှင့် ၆၉ လမ်းထောင့်တွင်ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ၊ ဆရာတော် သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## မန်းတောင်ခြေဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား တစ်နေ့စာကျွေးမွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက် ၇၃လမ်း(မန္တလေး-မတ္တရာ-မိုးကုတ်ကားလမ်း)ဘေးရှိ မန်းတောင်ခြေဘိုးဘွားရိပ်သာတွင် ခိုကိုးရာမဲ့ သက်ကြီးရွယ်အို အဖိုးအဖွားများအား လက်ခံစောင့်ရှောက်ထားရှိသည်။ ဘိုးဘွားရိပ်သာရှိ အဖိုး ၁၄ ဦး၊ အဖွား ၄၆ ဦးအား စေတနာရှင်များက နံနက်စာ၊ နေ့လယ်စာ၊ ညစာများ



နေ့စဉ် လာရောက်လှူဒါန်းကျွေးမွေးလျက်ရှိပြီး ငွေပဒေသာပင်များ လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၁ရက်က မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၁၄လမ်းနေ ဦးလှဘော် မိသာစုက နံနက်အာဟာရကြက်သားဆန်ပြုတ်၊ ကိုနေမျိုးထက်က မွေးနေ့အလှူ နံနက်စာ ထမင်းနှင့်ဟင်း၊ ဦးစည်သူရှိန်+ဒေါ်ထားထားထိုက် မိသားစုက နေ့လယ်စာ၊ အောင်မြေသာစံမြို့နယ်၊ ၈၈လမ်း၊ ၁၈လမ်းနှင့် ၁၉ လမ်းကြားနေ ဦးခင်အုန်း+ဒေါ်ခင်ဌေး မိသားစုက ညနေစာ လှူဒါန်းရာ မန်းတောင်ခြေဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ အုပ်ချုပ်ရေးမှူး ဦးသန်းထွဏ်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုလွှာပေးအပ်သည်။

မန်းတောင်ခြေဘိုးဘွားရိပ်သာရှိ အဖိုး၊ အဖွားများအား နံနက်စာ၊ နေ့လယ်စာ၊ ညစာများ ကျွေးမွေးလှူဒါန်းလိုပါက ဘိုးဘွားများ ထမင်းတစ်နပ် ငွေကျပ် ၁၈၀၀၀၀၊ သံဃာ ၅ ပါး ဘိုးဘွားများ ထမင်းတစ်နပ် ငွေကျပ် ၂၀၀၀၀၀၊ ကြက်သားဆန်ပြုတ် ငွေကျပ် ၄၀၀၀၀၊ ကော်ဖီ+ကိတ်မုန့် ငွေကျပ် ၁၅၀၀၀၀၊ နှန်းဖြင့်လည်းကောင်း၊ တစ်နေ့စာ ကျွေးမွေးခြင်း ငွေကျပ် ၃၅၀၀၀၀ ဖြင့်လည်းကောင်း ဖုန်း ၀၉-၂၀၅ ၈၂၄၇ နှင့် ၀၉-၄၀၅၀၁၄၄၆၆ သို့ ဆက်သွယ်ကျွေးမွေးနိုင်ကြောင်း သိရသည်။ **(အပေါ်ခဲပုံ)**

**(၀၄၅)**

## ကျောက်ပန်းတောင်းမြို့နယ် သဘင်အစည်းအရုံးမှ ဦးဆောင်၍ ရမည်းသင်းခရိုင်အတွင်းရှိ ရေဘေးသင့်ကျေးရွာများသို့ သွားရောက်လှူဒါန်း

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ် သဘင်အစည်းအရုံးမှ ဦးဆောင်၍ သဘင်အနုပညာရှင်များက ရေဘေးသင့်ပြည်သူများထံ လှူဒါန်းနိုင်ရန်အတွက်၊ ခေတ်ပေါ်သံစုံတီးဝိုင်းဖြင့် သီဆိုဖျော်ဖြေ၍ လှည့်လည်အလှူခံခြင်း၊ အခြားအဖွဲ့အစည်းများနှင့်တစ်သီးပုဂ္ဂလ အလှူရှင်များက ထည့်ဝင်လှူဒါန်းခြင်းများဖြင့် ရရှိလာသည့် အလှူငွေနှင့်ပစ္စည်းများကို ယမန်နေ့နံနက်ပိုင်းက ရမည်းသင်းခရိုင်အတွင်းရှိ ရေဘေးသင့်ကျေးရွာများသို့ သွားရောက်လှူဒါန်းကြသည်။

မြို့နယ်သဘင် အစည်းအရုံး ဥက္ကဋ္ဌ ဦးမိုးကျော်၊ အတွင်းရေးမှူး ဦးချစ်မွေးတို့မှ ဦးဆောင်၍ ဆိုင်းအတီးပညာရှင်များ၊ ဘိသိက်ပညာရှင်များ အကပညာရှင်များ၊ လူရွှင်တော်များ အစရှိသည့် အလွှာအသီးသီးမှ သဘင်အနုပညာရှင်များ စုပေါင်း၍ မြို့ပေါ်လမ်းမများနှင့် ပုပ္ပား၊ တောင်ကလပ်တို့တွင် လှည့်လည်အလှူခံခြင်းနှင့် အခြားပရဟိတ အဖွဲ့အစည်းများမှ အလှူခံရရှိငွေများကို ပူးပေါင်းထည့်ဝင်ခြင်း၊ တစ်သီးပုဂ္ဂလ အလှူရှင်များက ထည့်ဝင်လှူဒါန်းခြင်းများဖြင့် ရက်သတ္တတစ်ပတ်ကြာ လှည့်လည်အလှူခံခဲ့ကြသည်။ ထိုသို့ လှည့်လည် အလှူခံရာတွင်၊ အလှူခံရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၉၅၂ သိန်း၊ ဆန် ၃၂ အိတ်၊ ဆီ ၂၀ ပိဿာ၊ ဆား ၁၀၀ ပိဿာ၊ ကြက်သွန်နီ ၄၀ ပိဿာ၊ ငါးပိထောင်း ၃၀၀ ထုပ်၊ ရွှေဖယုံသီး ၃၅၀ လုံး၊ အာလူးကြော် ၃၀၀ ထုပ်၊ ရေသန့် 1.0 Liter ၂၂ ကဒ်၊ ဖော့ဖိနပ် ၁၃၀ ရံ၊ အဝတ်အထည်အသစ်မျိုးစုံ ၅၀ ထုပ်၊ အဝတ်အထည်အဟောင်းမျိုးစုံ ၂၀ ထုပ်၊ စုစုပေါင်း ပစ္စည်းတန်ဖိုးငွေကျပ် ၆၃ သိန်း၊ ငွေနှင့် ပစ္စည်းတန်ဖိုးစုစုပေါင်း ၁၀၁၅ သိန်း လက်ခံရရှိခဲ့ကြောင်း သိရပြီး အဆိုပါ ငွေနှင့်ပစ္စည်းများအား ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် ရမည်းသင်းခရိုင်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၅၆)**



# ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့

လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းသည် ကမ္ဘာ့နိုင်ငံအများစုတွင် ၁၀ နှစ် တွင် တစ်ကြိမ်သာ ကောက်ယူပြီး မြန်မာနိုင်ငံ တွင်လည်း လွတ်လပ်ရေးရပြီးနောက် ၁၉၇၃၊ ၁၉၈၃ နှင့် ၂၀၁၄ ခုနှစ်တို့တွင် ပြည်လုံးကျွတ် အဆင့် ကောက်ယူနိုင်ခဲ့သည်။ ထို့ကြောင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အပြီး ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် လူဦးရေ နှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ထပ်မံကောက်ယူရန် စီမံချက်ရေးဆွဲဆောင်ရွက် ခဲ့သည်။

လူဦးရေသန်းခေါင်စာရင်းကို နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များ အတွက် မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ် အကောင်အထည်ဖော်ရာတွင် အခြေခံအသုံးပြု ရသည့် စာရင်းအင်းအချက်အလက်များအနက် အဓိကကျသည့် လူဦးရေဆိုင်ရာကိန်းဂဏန်း အချက်အလက်များ ရရှိရေးအတွက် ဆောင်ရွက် ခြင်းဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူ ခြင်းဖြင့် အုပ်ချုပ်မှုဒေသ အသေးငယ်ဆုံးအဆင့် အထိ တိကျမှန်ကန်သောလူဦးရေနှင့် လူမှု စီးပွားရေးအခြေအနေများကို ရရှိနိုင်မည် ဖြစ် သည်။ ယခုအခါ သန်းခေါင်စာရင်းကောက်ယူ ရာတွင် အိမ်ထောင်စုများမထပ် မကျန်စေရေးနှင့် အုပ်ချုပ်ထောက်ပံ့မှု လွယ်ကူအဆင်ပြေစေရေး အတွက် ပထဝီဝင်သတင်းအချက်အလက်စနစ် အသုံးပြု၍ မြေပုံရေးဆွဲခြင်းနှင့် စာရင်းကောက် ကွက်များ ဖွဲ့စည်းခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အိမ်ထောင်စုများအတွက် မေးခွန်းပေါင်း ၄၁ ခုပါ ပုံစံအရှည်နှင့် အဖွဲ့အစည်း များအတွက် မေးခွန်းပေါင်း ၁၁ ခုပါ ပုံစံအတိုတို့ ကို အသုံးပြု၍ စာရင်းကောက်မှ မေးခွန်းပုံစံ စာရွက်ပေါ်တွင် ခဲတံဖြင့် ဖြည့်သွင်း ကောက်ယူခဲ့ ပြီး ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကို ခေတ်မီနည်း ပညာဖြစ်သည့် (Computer Assisted Personal Interviewing- CAPI) နည်းစနစ် အသုံးပြုကာ Mobile Tablet များဖြင့် တစ်အိမ် တက်ဆင်း ကောက်ယူသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်း အရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အောင်မြင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း နာယကအဖြစ် ပါဝင်သည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ဗဟိုသန်းခေါင်စာရင်းကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဆင့်ဆင့် ကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူ ခြင်းလုပ်ငန်းကို ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်း ကောက်ယူခြင်း၊ စာရင်းဇယားပြုစုခြင်း၊ ဆန်းစစ် လေ့လာခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်း စသည့် လုပ်ငန်းစဉ် (၄)ရပ်ဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ ၅၄ လ ကြာ ဆောင်ရွက်သွားမည် ဖြစ်သည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ရည်ညွှန်းချိန်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံ အချိန် သတ်မှတ်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ကောက်ယူ သွားမည် ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူ ရာတွင် အသုံးပြုမည့် မေးခွန်းပုံစံများနှင့် လုပ်ထုံးလုပ်နည်း များအပေါ် ကြုံတွေ့လာနိုင်သည့် အခက်အခဲများကို သိရှိနိုင်စေရန် မြို့နယ်ပေါင်း ၂၀ ရှိ စာရင်း ကောက်ကွက် ၁၀၀ ကိုသတ်မှတ်၍ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စမ်းသပ်သန်းခေါင် စာရင်း ကောက်ယူခဲ့သည်။ စမ်းသပ်သန်းခေါင် စာရင်း ကောက်ယူရာတွင်လည်း ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့်နည်းလမ်းအတိုင်း တွေ့ရှိရာ အရပ် တွင် ကောက်ယူသည့်မှု (De-Factormethod) နှင့် တစ်အိမ်တက်ဆင်းကောက်ယူနည်း (Canvasser method) ကို အသုံးပြု၍ Mobile Tabile များတွင် ဖြည့်သွင်းသည့်နည်းလမ်းဖြင့် ကောက်ယူသွားမည် ဖြစ်သည်။






၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် အိမ်ထောင်စု အလိုက်၊ လူဦးရေနှင့်အဖွဲ့အစည်းလိုက်၊ လူဦးရေ (ဥပမာ - ဘုန်းကြီးကျောင်း၊ ဘိုးဘွားရိပ်သာ၊ ဂေဟာ၊ ဆေးရုံ၊ အကျဉ်းထောင်၊ စစ်တန်းလျား (လူပျိုလိုင်း)၊ အိမ်ခြေရာမဲ့နှင့် အိုးမဲ့အိမ်မဲ့ ဖြစ်နေ သူများ၊ ရေကြည်ရာမြက်နုရာလှည့်လည်သွားလာ နေထိုင်သူများ)အားလုံး ကောက်ယူသွားမည် ဖြစ် သည်။

သန်းခေါင်စာရင်း ကွင်းဆင်းစာရင်းကောက် ယူရာတွင် စာရင်းကောက်များသည် အိမ်ထောင်စု တွင်ရှိသော အိမ်ထောင်ဦးစီး(သို့မဟုတ်) အိမ် ထောင်စုတစ်ခုလုံး၏ကိုယ်စား တာဝန်ယူဖြေကြား နိုင်မည့် အရွယ်ရောက်ပြီးသူများကို မေးမြန်းမည် ဖြစ်သည်။ သန်းခေါင်စာရင်း ကောက်ယူနေသည့် ကာလ ၁၅ ရက်အတွင်း ကောက်ယူမည့်နေရက် အလိုက် စာရင်းကောက်ကွက်အတွင်းရှိ အိမ်ထောင်စု များကို ကြိုတင်အကြောင်းကြားမည် ဖြစ်သည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကိုလည်း တည်ဆဲ ၂၀၂၃ ခုနှစ် လူဦးရေ နှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ကျင့်သုံးဆောင်ရွက်မည် ဖြစ် သည်။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်း ကောက်ယူ မှု သမိုင်းကို ပြန်လည်လေ့လာကြည့်လျှင် လွတ်လပ် ရေး မရမီကာလ ၁၈၇၂ ခုနှစ်၊ ၁၈၈၁ ခုနှစ်၊ ၁၈၉၁ ခုနှစ်၊ ၁၉၀၁ ခုနှစ်၊ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ်၊ ၁၉၄၁ ခုနှစ်တို့တွင် ၁၀ နှစ် ခြား တစ်ကြိမ်စီနှင့် (၈)ကြိမ် ကောက်ယူခဲ့သည် ကို တွေ့ရပြီး ၁၉၇၂ ခုနှစ်၊ ၁၉၈၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့ပြီး အဆိုပါ သန်းခေါင် စာရင်းအချက်အလက်များကို ယနေ့အထိ ကိုးကား အသုံးပြုနေရဆဲဖြစ်သည်။ သယံဇာတအရင်း အမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ ဘဏ္ဍာငွေ ခွဲဝေ ချထားခြင်း၊ စာသင်ကျောင်း၊ ဆေးရုံ၊ ကျန်းမာရေး ဌာနများ၊ လမ်းတံတားများ၊ အခြေခံအဆောက် အအုံများ တည်ဆောက်ခြင်း၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ခြင်း၊ အလုပ်အကိုင် အခွင့်လမ်းများ ဖန်တီးခြင်း စသည့် စီမံခန့်ခွဲရေး တွင် မရှိမဖြစ် လိုအပ်ပါသည်။ သန်းခေါင်စာရင်း မှ ရရှိလာသောအချက်အလက်များသည် နိုင်ငံ တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သည့် မူဝါဒများ၊ စီမံကိန်းများရေးဆွဲရန် လိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်း အချက်အလက်များ ပံ့ပိုးပေးနိုင်မည် ဖြစ်သည်။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ထူးခြားသည့် ဝိသေသ လက္ခဏာမှာ ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူ များ အားလုံးအတွက် ဘဝလုံခြုံရေးနှင့် မိသားစု လူမှုအသိုက်အဝန်း၏ ကောင်းကျိုးများကို ဖြည့် ဆည်းပေးရေးလည်း ဖြစ်သည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်လုံး ကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင် စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း စာရင်းကောက်ကွက်ပေါင်း (၄)သောင်း(၂)ထောင် ဖြင့် ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး အိမ် ထောင်စုမေးခွန်းပုံစံအတွက် ၆၈ ခု၊ အဖွဲ့အစည်း မေးခွန်းပုံစံအတွက် ၁၈ ခုကို တစ်အိတ်တက် ဆင်းကောက်ယူမည်ဖြစ်ရာ ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းဆိုင်ရာ သတ်မှတ်မေးခွန်းပုံစံ များကို မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။

မောင်ပြည်သူ(မန္တလေး)



# ကျောင်းပြင်ပ ပညာရေး သင်ကြားသင်ယူမှုများ စစ်ဆေး

**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်၊ မန္တလေး တောင်တက်လမ်းရှိ ဇေယျသီရိ သီလရှင်ကျောင်းတွင် ဖွင့်လှစ်ထားသော ကျောင်းပြင်ပ မူလတန်း၊ အလယ်တန်းပညာရေး ကျောင်းတွင် စက်တင်ဘာ၂၁ရက်၊ နံနက် ၁၁ နာရီက ကျောင်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါ ကျောင်းပြင်ပမူလတန်း၊ အလယ်တန်း ပညာရေး ကျောင်းသို့ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးကြီးကြပ်ရေးမှူး ဒေါ်ခင်မျိုးသန့်နှင့် အောင်မြေသာစံမြို့နယ်ပညာရေးမှူး(တာဝန်ခံ) ဦးသန်းထွန်း၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးအောင်ကြီးတို့ အဖွဲ့က ကျောင်းစစ်ဆေးရေးအတွက် လာရောက်ကြရာ ဇေယျသီရိ သီလရှင်ကျောင်းဆရာကြီး ဒေါ်ထေရီ(ဓမ္မာစရိယ၊ဝိနယဝိဒူ) က သင်ကြားသင်ယူမှုများ ရှင်းလင်းပြသသည်။

ထို့နောက် ကျောင်းစစ်ဆေးရေးအတွက် လာရောက်ကြသော တိုင်းကြီးကြပ်ရေးမှူး ဒေါ်ခင်မျိုးသန့်၊ မြို့နယ်ပညာရေးမှူး (တာဝန်ခံ)ဦးသန်းထွန်း၊ ဒုတိယမြို့နယ်ပညာရေးမှူးဦးအောင်ကြီးတို့က အတန်းအသီးသီးကို သွားရောက်ကာ သင်ကြားသင်ယူမှု လုပ်ငန်းများကို တစ်တန်းဝင် တစ်တန်းထွက် စစ်ဆေးကြည့်ရှုအားပေးချီးမြှင့်ကြပြီးလိုအပ်သည်တို့ကို အကြံပြုပေးသွားကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၃၃)

# ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သဘာဝဘေး အသိပညာပေး လိုက်လံနှိုးဆော်

**သရက် စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သဘာဝဘေး အသိပညာပေး လိုက်လံနှိုးဆော်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြောက်မင်းတည်းရပ်ကွက်၊ တောင်မင်းတည်းရပ်ကွက်နှင့် လေးတိုင်စဉ်ရပ်ကွက်၊ ထုံးတောင်ကျေးရွာ၊ သဲတောကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများ စုပေါင်း၍ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာဆောင်ရွက်ရန်နှင့် ရေကြီးခြင်း ဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် သတိပြုလိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇- ၃၄၀၄၇၇၇တို့ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အသိပေးကြေညာခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စော်ထက်(သရက်)

၀-၀-၀-၀-၀-၀-၀



# ခေတ်မီစံပြကျေးရွာ (Smart Village) ၌ တောင်သူအသိပညာပေးဟောပြောပွဲ ကျင်းပ

**ရပ်စောက် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ကောင်းဘိုကျေးရွာအုပ်စု စမ်းရေဦးခေတ်မီစံပြကျေးရွာ (Smart village) ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ တောင်သူအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။



ဟောပြောပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးကျော်ခိုင်အေးက သီးနှံများ တစ်ဧကပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ အထွက်နှုန်း တိုးတက်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောခဲ့ကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းသက်က ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ နည်းပညာများ ရရှိလာစေရန်နှင့် စွမ်းဆောင်ရည် မြင့်မားလာစေရန် ရည်ရွယ်၍ အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမောင်ခိုင်က ကျေးလက်နေပြည်သူများအား ရေချွေတာသုံးစွဲရေး၊ တောင်ယာများ ခုတ်ထွင်မီးရှို့မှုပပျောက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများ စုစုပေါင်း ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# မေထုန်မဲ့ သားစပ်သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးခရိုင် အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် မန္တလေးငါးမြို့နယ်တို့ ပူးပေါင်းပြီး ဆိတ်နှင့်နွားမေထုန်မဲ့သားစပ် သင်တန်းအမှတ်စဉ် (၅/၂၀၂၄) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက အမရပူရမြို့နယ်ရုံးတွင် ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာမောင်မောင်စိုး၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကို ၁၆.၉.၂၀၂၄ရက်မှ ၂၀.၉.၂၀၂၄ ရက် ထိဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် အမရပူရမြို့နယ်မှ သင်တန်းသား ၂၀ဦး၊ ပုသိမ်ကြီးမြို့နယ်မှ သင်တန်းသား ၂၀ ဦး မန္တလေးငါးမြို့နယ်မှ သင်တန်းသား ၁၀ ဦး စုစုပေါင်းသင်တန်းသား ၅၀ ဦး တက်ရောက်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းများနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများအား မေထုန်မဲ့သားစပ်ခြင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် နည်းစနစ်တကျဆောင်ရွက်နိုင်သည့် နွားမေထုန်မဲ့သားစပ်ကျွမ်းကျင်သူ အရေအတွက်တိုးပွားလာစေရန်နှင့် နွားမေထုန်မဲ့သားစပ်လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လာနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ (ဝဲပုံ)

မန္တလေးနေ့စဉ်-၃

# မိုးစပါးရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးမှုအပေါ် အထွက်နှုန်း မကျဆင်းရေး ပြန်လည်ပြုပြင်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**ဥတ္တရသီရိ စက်တင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးစပါးရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးမှုအပေါ် အထွက်နှုန်းမကျဆင်းရေး ပြန်လည်ပြုပြင်ခြင်းကွင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက မောင်ရမ်းကျေးရွာအုပ်စု၊ မောင်ရမ်းကျေးရွာ ကွင်းအမှတ်-၁၈၈၅၊ ဦးပိုင်အမှတ် (၈၈/၆)ရှိ တောင်သူ ဒေါ်သန်းအေး၏ လယ်မြေ ၄ ဒသမ ၀၀ ဧက မိုးစပါးစိုက်ခင်းတွင် ဆောင်ရွက်ခဲ့သည်။

ကွင်းသရုပ်ပြပွဲသို့ ဥတ္တရသီရိမြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းယု၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်၂ ဦးမျိုးချစ်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး ၂၀၂၄ခုနှစ်၊ မိုးစပါးရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးသည့် စိုက်ဧကများအား အထွက်နှုန်းမကျဆင်းရေး၊ ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးမှုမရှိသည့် စိုက်ဧကများအား အထွက်နှုန်းပိုမိုတိုးတက်စေရေးအတွက် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ သွင်းအားစုဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများကို အချိန်ကိုက် အချိုးကျသုံးစွဲခြင်းတို့ကို တောင်သူများအား သိရှိလိုက်နာစေရန် ကွင်းသရုပ်ပြဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အောက်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀







# လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကျိုင်းတုံ စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းက အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးဦးဝင်းကျော်သူနှင့် တာဝန်ရှိသူများက ကျိုင်းတုံမြို့နယ်အတွင်း ၂၀၂၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် မြို့နယ် သန်းခေါင်းစာရင်းကော်မတီအဖွဲ့ဝင်များက ကျိုင်းတုံမြို့နယ်အတွင်း ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် နီးကပ်လာပြီဖြစ်၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကျိုင်းတုံပညာရေးဒီဂရီကောလိပ်တွင် ဖွင့်လှစ်လျက်ရှိသည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲသို့ သွားရောက်ပြီး သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံ၍ သင်တန်းကာလပြီးမြောက်ပါက မြေပြင်ကွင်းဆင်း၍ စာရင်းစစ်၊ စာရင်းကောက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး၊ ချိတ်ဆက် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို ပေါင်းစပ်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**အောင်လံ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်နိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၇၅ ဦးတို့က စုပေါင်း၍ ယနေ့နံနက် ၇ နာရီက အောင်လံမြို့ တရော်ကုန်းရပ်ကွက် သာသနာ့ဗိမ္မာန်ဘုန်းကြီးကျောင်းဝန်းအတွင်း နှင့်ဘုရားစေတီရင်ပြင်များပေါ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**



# ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများ ပေးအပ်

**စဉ့်ကိုင် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းမှုကြောင့် ချောင်းရေ၊ မြစ်ရေများ ဝင်ရောက်ခဲ့ပြီး ကျေးရွာအချို့ရှိ နေအိမ်များ ရေလွှမ်းမိုးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျောက်ဆည်ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ နံနက် ၁၀နာရီက ရေဘေးသင့်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူ့များအတွက် ဆန်ရိက္ခာထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျောက်ဆည်ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးကျော်နှင့် စဉ့်ကိုင်မြို့နယ်မှ ဌာနဆိုင်ရာများက ရေဘေးသင့်ပြည်သူတစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် မုန့်ပေါင်းကျေးရွာရှိ အိမ်ထောင်စု ၂၂စုမှ လူဦးရေ ၉၄ဦးအတွက် ငွေကျပ်၁၉၇၄၀၀ အားလည်းကောင်း၊ နန်းနီ ကျေးရွာရှိ အိမ်ထောင်စု ၅၀၆စုမှ လူဦးရေ ၂၀၃၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၄၂၇၇၀၀ အားလည်းကောင်း၊ အုန်းလက်ကောက်ကျေးရွာရှိ အိမ်ထောင်စု ၁၈၁စုမှ လူဦးရေ ၁၁၁ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၃၃၁၀၀ အားလည်းကောင်း၊ ရှမ်းရွာကျေးရွာရှိ အိမ်ထောင်စု ၂၆၇ စုမှ လူဦးရေ ၁၁၅၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၄၂၁၃၀၀ အားလည်းကောင်း၊ စော်ရဲကျေးရွာရှိ အိမ်ထောင်စု ၅၁၈ စုမှ လူဦးရေ ၁၉၈၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၄၁၆၈၅၀၀ အားလည်းကောင်း၊ ဝန်းသိုကျေးရွာရှိ အိမ်ထောင်စု ၃၃၃စုမှ လူဦးရေ ၁၂၈၂ဦးအတွက် ထောက်ပံ့ငွေကျပ်၂၆၉၂၂၀၀အားလည်းကောင်း၊ ထန်းတောကျေးရွာရှိ အိမ်ထောင်စု ၅၀၉ စုမှ လူဦးရေ ၁၈၅၀ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၈၈၅၀၀၀ အားလည်းကောင်း၊ လက်ပံချိုင့်ကျေးရွာရှိ အိမ်ထောင်စု ၂၀၇စုမှ လူဦးရေ ၉၄၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၉၈၀၃၀၀ အားလည်းကောင်း၊ စုစုပေါင်းကျေးရွာ ၈ ရွာရှိ အိမ်ထောင်စု ၂၅၄၃ စုမှ လူဦးရေ ၁၀၄၅၅ဦးအတွက် ထောက်ပံ့ငွေပေါင်း ငွေကျပ် ၂၁၉၅၅၅၀၀ အား ၄င်းကျေးရွာများသို့ အရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၃၆၆)**



# ရေကျဆင်းသွားသော ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်ပေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မိုးရွာသွန်းမှု များပြားပြီး ချောင်းရေများ ဝင်ရောက်၍ ရေနစ်မြုပ်ခဲ့သော ကျေးရွာများ အနက် ရေပြန်လည်ကျဆင်းသွားသောကျေးရွာများ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စက်တင်ဘာ ၂၁ ရက်က သက်ဆိုင်ရာမြို့နယ်ဓာတ်အားခွဲရုံများမှ ဓာတ်အားပြန်လည်ပို့လွှတ်ပေးခဲ့သည်။

ဓာတ်အားသုံးစွဲမှုတွင် အရေးပေါ်ဖြစ်ပေါ်လာပါက နေပြည်တော်ကောင်စီနယ်မြေ လျှပ်စစ်အင်ဂျင်နီယာရုံးဖုန်း၀၆-၇၈၀၂၃၆၆၆၊ ၀၆-၇၈၀၂၆၀၄၄နှင့် ဖုန်း၀၉-၇၇၄၉၈၈၈၂၇သို့ ဆက်သွယ်အကြောင်းကြားပေးရန် မေတ္တာရပ်ခံအကြောင်းကြားထားသည်။

**(အောက်ပုံ)**

**(၀၄၅)**

၀-၀-၀-၀-၀-၀-၀






# စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**တာလေ စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် တာချီလိတ်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းပါ အမျိုးသမီးများ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်း မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို နားယောင်းကျေးရွာအုပ်စု၊ ဗေတလကျေးရွာ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ တာချီလိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်မှူးဦးကျော်ခိုင်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းသားခေါင်းဆောင် ဦးရွှေဟုန်းက သင်တန်းစည်းကမ်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထိုသင်တန်းကို ပထမအကြိမ် ရက်(၃၀)ကြာ ဖွင့်လှစ်ခဲ့ပြီး ဒုတိယအကြိမ် မွမ်းမံသင်တန်းကို ၁၅ရက်ကြာ ဆက်လက်ဖွင့်လှစ်ပေးခြင်းဖြစ်၍ စုစုပေါင်း ၄၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတွင် စုစုပေါင်းသင်တန်းသူ ၁၁ ဦး တက်ရောက်ခဲ့သည်ပြီး သင်တန်းကာလပြီးဆုံးလျှင် ထူးချွန်သင်တန်းသူ ၅ ဦးကို ရွေးချယ်၍ ငွေကျပ် ၁၄၀၀၀၀၀ တန်ဖိုးရှိသည့် အပ်ချုပ်စက်များနှင့်လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဆုတောင်းပြည့်ဘုရား အမှတ် (၁၉၈၃) တိုက်မခြောက်ဘက်နံရံပြိုကျမှု ဖြစ်ပွား

ညောင်ဦး စက်တင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ တောင်ဘီကျေးရွာ အနောက်ဘက် ရွှေကွန်ချာဘုရားအနီး နတ်ထောင့်တိုက် အင်းဝကျောင်းအနီး၌ တည်ရှိသော ရှေးဟောင်းအဆောက်အအုံ အမှတ် (၁၉၈၃) ဆုတောင်းပြည့်ဘုရားသည် စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် တိုက်မခြောက်ဘက်နံရံ ပြိုကျမှုကြောင့် တိုက်မအထက်ရှိ ကွမ်းတောင်နှင့် အထွဋ်စေတီတို့ ပြိုကျပျက်စီးခဲ့ကြောင်း ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့် ထံမှ သိရသည်။

အဆိုပါ ဘုရားအား စက်တင်ဘာ ၁၆ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အက်ကွဲကြောင်းများ တွေ့ရှိရသဖြင့် မိုးရေမဝင်စေရန် အင်္ဂတေလောင်းခြင်း၊ မိုးကာအုပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၀ ရက်တွင် မိုးရွာသွန်းပြီးနောက် အက်ကွဲကြောင်းများ ပိုမိုကြီးလာသဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညီမွန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ပြုပြင်ထိန်းသိမ်းရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှစ်ဦးနှင့် အင်ဂျင်နီယာများ၊ လုံခြုံရေးအဖွဲ့များသည် စက်တင်ဘာ ၂၁ ရက် နေ့လယ်ပိုင်းတွင် သံပိုက်များဖြင့် ထောက်များ ထောက်ခြင်း၊ ချုပ်တန်းများ ပြုလုပ်ခြင်း စတင်ဆောင်ရွက်ခဲ့သည်။

အရေးပေါ် လုပ်ငန်းများ ဆောင်ရွက်မှုမပြီးစီးမီ စက်တင်ဘာ ၂၁ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သဖြင့် ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ပြုပြင်ထိန်းသိမ်းရေးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး နှစ်ဦးနှင့် အင်ဂျင်နီယာများ၊ လုံခြုံရေးအဖွဲ့များက ပိုက်စိမ်းစဖြင့် ဇရိယာကန့်သတ်ကာရံခြင်း ဆောင်ရွက်ခဲ့ကာ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့က ပြိုကျမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ ပျက်စီးမှု ၄၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဒီပါလင်း





# နတ်မောက်ရေလှောင်တမံရေပိုလွှဲမှ ၄ ဒသမ ၁ ပေ ဆက်လက်ရေကျော် ကျလျက်ရှိ

နတ်မောက် စက်တင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ စက်တင်ဘာလဆန်းပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် စက်တင်ဘာ ၂၂ ရက် နံနက် ၆ နာရီတွင် ဆည်ရေတိုင်းထွာချက်အရ ရေပြည့်အမှတ်ထက် ဆက်လက် ရေကျော်ကျလျက်ရှိကြောင်း သိရသည်။

နတ်မောက်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၆၈၃ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၆၈၇ ဒသမ ၁ ပေ ရှိသည့်အတွက် ရေပိုလွှဲမှ ၄ ဒသမ ၁ ပေ ရေကျော်ကျလျက်ရှိပြီး ဆည်၏ ဆက်စပ် အဆောက်အအုံများမှာ ကြံ့ခိုင်ကောင်းမွန်သည့်အတွက် စိုးရိမ်စရာ အခြေအနေမရှိကြောင်းနှင့် ဆည်အောက်ပိုင်း ချောင်းတစ်လျှောက်ရှိ ကျေးရွာနေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူထံက သိရသည်။

လှဝင်း(ပြန်/ဆက်)


❖ စာမျက်နှာ ၂၄ မှ

လည်းကောင်း ယနေ့ညမှ စက်တင်ဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံခြင်းများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

၂၄-၉-၂၀၂၄ ရက်နေ့



၂၅-၉-၂၀၂၄ ရက်နေ့



○ စာမျက်နှာ ၂၄ မှ

အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့သော်လည်း ပွဲစဉ်ပြီးဆုံးချိန်တွင် အနိုင်၊ အရှုံးမပေါ်ဘဲ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၉ မိနစ်တွင် ဟာလန်း၊ ပွဲချိန်(၉၀+၈)မိနစ်တွင် ဂျွန်စတုန်းတို့က သွင်းယူပေးခဲ့ပြီး အာဆင်နယ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၂ မိနစ်တွင် ကာလာဖီအိုရီ၊ ပွဲချိန်(၄၅+၁)မိနစ်တွင် ဂါဘရီယဲလ်တို့က သွင်းယူပေးခဲ့သည်။




မန်စီးတီးအသင်းသည် အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)ပွဲ ကစားအပြီးတွင် ရမှတ် ၁၃ မှတ်ဖြင့် အဆင့် ၁ နေရာတွင် ရပ်တည်ပြီး အာဆင်နယ်အသင်းသည် ပွဲစဉ်(၅)ပွဲ ကစားအပြီးတွင် ရမှတ် ၁၁ မှတ်ဖြင့် အဆင့် ၄ နေရာတွင် ရပ်တည်ခဲ့သည်။

(NGB)

၀-၀-၀-၀-၀

စိမ်းလန်း
စိုပြည်လှဖို့
သန့်ရှင်းသော
ကမ္ဘာမြေကို
စောင့်ရှောက်စို့။

### အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၂ | - | ၁ | လာဇီယို |
| မွန်ဇာ | ၁ | - | ၂ | ဘိုလော့ညာ |
| ရိုးမား | ၃ | - | ၀ | အူဒီးနီးစ် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| မိုနာကို | ၃ | - | ၁ | လီဟာဗာ |
| ဘရက် | ၂ | - | ၀ | တူးလော့စ် |
| အန်ဂါစ် | ၁ | - | ၁ | နန့်တက်စ် |
| မောင့်ပယ်လီယာ | ၃ | - | ၂ | အော်ဇေး |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၄ | - | ၃ | ဝုဖ်ဘတ် |
| စတုဂတ် | ၅ | - | ၁ | ဒေါ့မွန် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၁ | - | ၁ | လီဂါနက်စ် |
| ဘီလ်ဘာအို | ၃ | - | ၁ | ဆဲလ်တာဗီဂို |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အချိန်ယူဆောင်ရွက်ရခြင်းဖြစ်သည့် အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေးပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် နေပြည်တော်ကောင်စီနယ်မြေအတွင်း သဘာဝဘေးကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂



ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း သဘာဝဘေးကြောင့်ပျက်စီးခဲ့သော လမ်း၊ တံတားများ ယာယီပြင်ဆင်ပြီးစီးမှု အခြေအနေ၊ လမ်း၊ တံတားများ၏ ကြံ့ခိုင်မှုအခြေအနေ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များနှင့်ခရီးသည်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုထားမှုအခြေအနေနှင့် မူလအခြေအနေအတိုင်း အခိုင်အမာ ပြန်လည်တည်ဆောက်မည့် အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကမ်းကပ်ခံရေတိုက်စား၍ ပျက်စီးသွားသော မွန်းတည့်ခွင်-ကျည်တောင်-ခေါ်မ-ညောင်ပင်သာ လမ်းပေါ်ရှိ တံတားအမှတ်(၅/၁၆) ပေါင်းလောင်းတံတား၌ အရှည်ပေ ၈၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားထိုးခြင်း ဆောင်ရွက်ပြီးစီး၍ ယာဉ်များ ဖြတ်သန်းသွားလာမှုနှင့် တံတား၏ကြံ့ခိုင်မှု အခြေအနေကိုလည်းကောင်း၊ လမ်းအပိုင်းရှိ Box Culvert နှင့် လမ်းသားပျက်စီးမှုများ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အဆိုပါ လမ်းပိုင်းတွင် ပျက်စီးခဲ့သော တံတားအမှတ်(၂/၂၀)၏ တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းနေရာတွင် အရှည်ပေ ၈၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားထိုးခြင်း ဆောင်ရွက်ပြီးစီး၍ ယာဉ်များဖြတ်သန်းသွားလာအသုံးပြုနေပြီဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား (သိုက်ချောင်း)နေရာတွင် ယာဉ်သွားလာမှု ပိုမိုအဆင်ပြေ လွယ်ကူစေရေးအတွက် အရှည် ပေ ၁၃၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ နှစ်လွှာတစ်ထပ် ဘေလီသံပေါင်တံတား နှစ်စင်း ယာယီထိုးပေးပြီး အသွားလမ်း၊ အပြန်လမ်းအသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိပြီး ယာဉ်များ စနစ်တကျဖြတ်သန်းသွားလာခွင့်ပြုထားသည့်အခြေအနေနှင့် တံတား Pier တိုင်နိမ့်ကျသွားခြင်းကို အခိုင်အမာ ပြုပြင်ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆင်သေချောင်းတံတား(ပုပ္ပားကုန်း)၌ အရှည်ပေ ၇၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ တစ်လွှာတစ်ထပ် ဘေလီတံတားထိုးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသဖြင့် မော်တော်ယာဉ်များဖြတ်သန်းသွားလာလျက်ရှိမှုနှင့် ပျက်စီးသွားသော ချဉ်းကပ်လမ်းနေရာတွင် လမ်းသားပြုပြင်ခြင်း ဆောင်ရွက်ပြီးစီးသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၂၄၅/၇) ရှိ နဝင်းချောင်းတံတား (အဆုံတံတား)သို့သွားရောက်ပြီး ချောင်းရေတိုက်စား ပျက်စီးသွားသည့် တံတားချဉ်းကပ်လမ်းနေရာ၌ တန် ၄၀ ခံနိုင်ဝန်ရှိသော အရှည်ပေ ၁၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ သုံးလွှာတစ်ထပ် ဘေလီတံတားထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်မော်တော်ယာဉ်များ သတ်မှတ်ချက်အတိုင်း စနစ်တကျ ဖြတ်သန်းသွားလာမှု၊ တံတားကြံ့ခိုင်မှု၊ တံတား၏ Up Stream နှင့် Down Stream တို့တွင် ရေလမ်းကြောင်းရှင်းလင်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် အမြဲတမ်းတံတားအဖြစ် တည်ဆောက်မည့် လျာထားစီမံချက်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အဆိုပါ နဝင်းချောင်းတံတားသည် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်တွင်ရှိပြီး ခရီးသည်တင်မော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရာတွင် တန် ၄၀ ခံနိုင်ဝန်မှ တန် ၅၀ ခံနိုင်ဝန်အထိ ဖြတ်သန်းခွင့်ပြုနိုင်ရေးအတွက် ထောက်ကူပြင်ဆင်ဆောင်ရွက်ထားသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် လမ်း၊ တံတားများ ပျက်စီးမှုများကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံး ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ အများပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေလျက်ရှိပြီး ကုန်စည်များလည်း အဆက်မပြတ် ပို့ဆောင်နိုင်ပြီဖြစ်ကြောင်း၊ ယာယီပြင်ဆင်ပြီးစီးခဲ့သည့် လမ်း၊ တံတားများ၏ ကြံ့ခိုင်မှုကို နေ့ညမပြတ် စောင့်ကြည့်ကြပ်မတ်လျက်ရှိကြောင်းနှင့် မူလအခြေအနေအတိုင်းဖြစ်စေရေးအတွက် အခိုင်အမာ ပြင်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဘရိုက်တန်နှင့် နော်တင်ဟမ်တို့ တစ်ပက်နှစ်ဂိုးစီ သရေကျ၊ မန်စီးတီးနှင့် အာဆင်နယ်တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး သရေတစ်မှတ်စီခွဲယူ

**လန်ဒန် စက်တင်ဘာ ၂၂**

အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့မြန်မာစံတော်ချိန် ည ၇ နာရီ ၃၀ မိနစ်က ဘရိုက်တန်အသင်းနှင့် နော်တင်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဘရိုက်တန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် ဟင်ရှယ်ဝုဒ်၊ ပွဲချိန် ၄၅ မိနစ်တွင် ဝဲလ်ဘက်တို့က သွင်းယူပေးခဲ့ပြီး နော်တင်ဟမ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၃ မိနစ်တွင် ခရစ်စ်ဝုဒ်၊ ပွဲချိန် ၇၀ မိနစ်တွင် ဆိုဆာတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့မြန်မာစံတော်ချိန် ည ၁၀ နာရီက ထိပ်သီးအသင်းနှစ်သင်းဖြစ်သည့် မန်စီးတီးအသင်းနှင့်အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေတစ်မှတ်စီ ခွဲယူခဲ့ကြသည်။

ယခုပွဲစဉ်တွင် မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့

စာမျက်နှာ ၂၀ သို့ ❍

# လေဖိအားနည်းဆဲလ် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိနိုင် မြေပြိုမှုအန္တရာယ်နှင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထား

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီ ပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်း ဆဲလ်သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး စက်တင်ဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါလေဖိအားနည်းဆဲလ်၏ အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းနေခြင်းကြောင့်

စာမျက်နှာ ၂၀ သို့ ❖